www.burmeseclassic.com

# ငွေပြေလည်လည် ရှိစေချင်တယ်




ဓမ္မဒူတဆရာတော်ကြီး

တပည့်

ဓမ္မဒူတ အရှင်ဆောဘိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ
နေရ ထိုင်ရတာက
ကြိုးတန်းပေါ်
လမ်းလျှောက်ရသလိုပါပဲ။
အာရုံချင်းတွေပါလျှက်
ကောင်း မကောင်းတွေပဲ
အလိုကျ မကျဖြစ်နေရင်
ကြိုးတန်းပေါ်က
ဦးစိုက်မိုးမျှော် ကျစေတော့တာပေါ့။
အာရုံတွေအပေါ်မှာ
စိတ်ထားကလေး
ပြေပြေလည်လည် ရှိစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မဒူတအရှင်ဆေကိန္ဒ

# ပြေပြေလည်လည် ရှိစေချင်တယ်

www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မဒူတ လုပ်ငန်းရပ်

ဤစာအုပ်ကို ကျမ်းစာအုပ် တစ်အုပ်သဖွယ် မထင်မြင်မိပါ။ ဟောထားသော တရားတိပ်ခွေမှ အနည်းငယ် ပြုပြင်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

သာသနာ့တာဝန်များကို စွမ်းနိုင်သမျှ ထမ်းဆောင်နေရင်းမှပင် ရနိုင်သမျှ အချိန်ကလေးကို ဖဲ့ထုတ်ယူ၍ တရားစာအုပ်ကလေးအဖြစ် ကြိုးစား ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ် အနေအထားသည် ရေးဟန်ထက် တရားဟောဟန်က ပို၍ ထင်ရှားနေပါသည်။

အချို့သော သာသနာ့ဝန်ထမ်း ညီတော်များက မိမိဟောထားသော တရားတိပ်ခွေတို့မှ ဟောဟန် ပြောဟန် အသုံးအနှုန်းတို့ကို မူထား၍ ပြန်လည်ဟောပြော နေကြသည်ကို ကြားသိမိ၍ စာအုပ်အဖြစ် အထောက်အကူ ပြုစေရန်လည်း ရည်ရွယ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးဟန်၊ ဟောဟန် ရောယှက်နေ၍ အဆင်မပြေမှုများ ရှိခဲ့ပါက အကြံဉာဏ်ကောင်းများကို ခံယူဖို့ နှစ်ခြိုက်စွာ စောင့်မျှော်နေမိပါသည်။

“**စာရေး၊ စာချ၊ တရားဟော၊ တရားပြဓမ္မဒူတ**” ဟူသော ဓမ္မဒူတအဓိပ္ပါယ်၊ ဓမ္မဒူတရည်ရွယ်ချက်တို့ကို ဦးထိပ်ပန်ဆင် အကောင်အထည် ဖော်ဆောင်နိုင်ရန် သာသနာ့ဝန်ထမ်းဓမ္မဒူတလုပ်ငန်း ဆောင်ရွက်တော်မူနေကြသောအရှင်မြတ်တို့အတွက် အကျိုးတစ်ခု ဖြစ်ပေါ်စေမည်ဆိုပါက အလွန်ပင် ဝမ်းမြောက်မိပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

# ပြေပြေလည်လည် ရှိစေချင်တယ်

သာသနာတော်နှစ် ၂၅၄၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃-ခုနှစ်၊ ဥတုဂိမှာန္တ နွေဥတု နွေကာလ တန်ခူးလဆန်း (၁) ရက်နေ့၊ ၂၀၀၂-ခုနှစ်၊ ဧပြီလ (၄) လပိုင်း၊ (၁၃)ရက်နေ့ ညတွင် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် (၅၁၊က) နေ ဦးတင်ငြိမ်း၊ ဒေါ်မို့မို့လှိုင် (မိသားစု) တို့၏ ဟောလီးဒေးစားသောက်ဆိုင် နေအိမ်မင်္ဂလာ မဏ္ဍပ်ဝင်းအတွင်း၌ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ဦးတင်ငြိမ်း၊ ဒေါ်မို့မို့လှိုင်၊ သား မောင်ဟန်ချစ်လှိုင်၊ သမီး ငြိမ်းဝါလှိုင်၊ မိုးပွင့်ဖြူ သား မောင်အေးဇော်တို့၏ ဓမ္မဒါန-တရားအလှူ အမတဒါန-အမြိုက်ဆွမ်းဗွာန်

www.burmeseclassic.com

www.burmeseclassic.com


အလှူအနေအားဖြင့် ဦးစီးဦးဆောင် ဆောင်ရွက်လို့ တရားကို ချစ်ခင်၊ တရားကို နှစ်သက်၊ တရားနဲ့ မွေ့လျော်၊ တရားနဲ့ပျော်၊ တရားကို မြတ်နိုး၊ တရားကို တန်ဖိုးထားကြလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့က ဓမ္မဒါန အလှူပေးပွဲ၌ အလှူခံအဖြစ် လာရောက်ပြီး တရားနာယူလေ့ ရှိကြကုန်သော သူတော်ကောင်းအပေါင်းနှင့် စုပေါင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ဓမ္မ သဘင် အလှူပွဲကြီး၌ ဟောကြားအပ်သော နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ်၊ ပေဋကော ပဒေသပါဠိတော် သာသနပဋ္ဌာန ဒုတိယဘူမိ၌ လာသော ဂါထာပုဒ်ကို တန်ဆာဆင်၍ ဟောကြား အပ်သော **"ပြေပြေလည်လည် ရှိစေချင်တယ် တရားတော်"**တဲ့။

ဘာတရားတော်ပါလိမ့်၊ (ပြေပြေလည် လည် ရှိစေချင်တယ် တရားတော်ပါဘုရား)၊ တရား ချစ်ခင်တဲ့ သူတော်ကောင်းတို့အတွက် တရား တော်ကို ဟောတော်မူတော့မယ်လို့ စိတ်ဖြစ်အောင်း

www.burmeseclassic.com

www.burmeseclassic.com


ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော်ဘုရားကြီးကို ခါတိုင်းထက် အမှတ်ရမြဲ ပိုပါတယ်။

များသောအားဖြင့် ဦးပဉ္စင်းတို့ ဓမ္မဒူတ ဆရာတော် ဘုရားကြီးက ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဝေယျာဝစ္စ စသည်အားဖြင့် ကုသိုလ်ကောင်းမှုတွေ အမျိုးစုံအောင် ဟောပြောပေးလေ့ရှိပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ အဲဒီကုသိုလ်မျိုးစုံပြုနည်း တရားတော်တွေကိုပဲ ဟောပုံဟောနည်းအမျိုးမျိုးနဲ့ ဟောပြလေ့ရှိပါတယ်။ ဦးပဉ္စင်းတို့ကလည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာဝကရဟန်း၊ ဆရာတော် ဘုရားကြီး၏ တပည့်တစ်ပါးအဖြစ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေကိုပဲ တစ်ဆင့်ပြန်ဟောမှာပါပဲ။

ဒါကြောင့်မို့လို့ ဒီတရားတော်ကို မဟောသေးမီ၊ မနာသေးမီ တရားပိုင်ရှင် အစစ်ဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွဋ်အား

www.burmeseclassic.com

www.burmeseclassic.com


သဗ္ဗညုတဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဂုဏ်တော် ကျေးဇူးတော်တွေနဲ့ ပုံတော်တွေကို အာရုံပြုပြီးတော့ လက်အုပ်ချီမိုး ရှစ်ခိုးကြပါ ဦးစို့ . . . .

တိမင်္ဂလာလေ စရံ သံဃ-နက္ခတ္တပရိဝါရိတံ။
သဒ္ဓမ္မသီတလောဘာသ-ဇနသန္တာပနာသကံ။
ပညာစက္ခုကရံ ပူဇေ ဗုဒ္ဓပုဏ္ဏိန္ဒုမင်္ဂလံ။

သံဃနက္ခတ္တပရိဝါရိတံ-အရိယာ ရှစ်ပါး တပည့်သား သာဝက တည်းဟူသော နက္ခတ်တာရာ ကြယ်တကာတို့ ဝန်းကာပတ်ခြံ ရံလည်း ရံအပ်ပါပေထသော၊ သဒ္ဓမ္မသီတလောဘာသ ဇနသန္တာပနာသကံ-ဓမ္မက္ခန္ဓာပေါင်းက ရှစ်သောင်း လေးထောင် အေးမြချမ်းကြည်သော တရား အရောင်တို့ဖြင့် များမြောင်လှစွာ သတ္တဝါတို့၏ ဆယ့်တစ်ဖြာညီး လောင်သည့်မီးကို အပြီးတိုင် ငြိမ်းသတ်လည်း ငြိမ်းသတ်တော်မူနိုင်ပါပေထ သော၊ ပညာစက္ခုကရံ-လေးရပ်သစ္စာ နက်နဲစွာကို ကောင်းစွာမျှော်ရှု ဉာဏ်ပညာ စက္ခုကိုလည်း

www.burmeseclassic.com

www.burmeseclassic.com


ပြုတော်မူတတ်ပါပေထသော၊ တိမဏ္ဍာလေ-မရွှေ တိုက်တွန်း အဝန်းတွင်မှတ် အလတ်ကျဉ်းကျယ် လမ်းသုံးသွယ်၌၊ စရံ စရန္တံ-မြင်းမိုရ်ရှိုင်းရာ ဗောဓိ ခြာကို လက်ယာရစ်ထား ကြသွားလှည့်လည်လည်း လှည့်လည်တော်မူတတ်ပါပေထသော၊ ဗုဒ္ဓပုဏ္ဏိန္ဒြ-မဏ္ဍာလံ-သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟု ရောင်ဖြူပထွန်း လပြည့်ဝန်းကဲ့သို့သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော်သည်၊ မယံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟော တရား နာကြမည့် ဘုရားတပည့်တော်တို့သည်၊ ပူဇေ ပူဇာမ-မင်္ဂလာစရဏ လက်ဦးစ၌ ကြည်စွာကော် ရော် ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ကြ ပါကုန်၏ အရှင်ဘုရား။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဣမိနာ ဗုဒ္ဓပဏာမေန-ဤသို့ဘုရားရှင်အား ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်၊ ရွှေ မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com


ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော် အား၊ နေ့ာ အမှာကံ-မအောင်သေးခင် အောင် ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားဟော တရားနာကြမည့် ဘုရားတပည့်တော်တို့အား၊ ဇယ-မင်္ဂလံ-တွင်းပန္နစ်တန် ရန်မာရ်အပေါင်း အောင် ကြောင်းအောင်ရာ အောင်မင်္ဂလာသည်၊ ဘဝတု- မြေကြီးလက်ခတ် မလွဲလတ်သို့ ဆတ်ဆပ်မသွေ အမှန်ပင် ဖြစ်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

"ပြေပြေလည်လည် ရှိစေချင်တယ်" ဆိုတဲ့ တရားတော်မြတ်ကြီးကို မဟောသေးမီ မနာသေး မီ တရားပိုင်ရှင်ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား အစိန္တေယျ လေပါး တရား ဂုဏ်တော် ပုံတော်တွေကို အာရုံပြုပြီး လက်အုပ်ချီမိုး ရှိခိုးလို့ပြီး မိမိတို့ လိုလားတောင်းတ တဲ့ အာသီသ ပတ္ထနာ အောင်ဆုမင်္ဂလာတွေကို တောင်းဆုပြုပြီးတော့ တရားတော်ကို ဟောကြ နာကြစို့ဆိုတော့ . . .

www.burmeseclassic.com

www.burmeseclassic.com


ဒုဂ္ဂမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာမဒ။
အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။
အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

ခြောက်ပါဒ၊ ခြောက်ပိုဒ်ပါတဲ့ ဒီဂါထာလေးတစ်ပုဒ်ကိုပဲ ဦးဇင်းတို့ အများ နားလည်အောင် ပြောပြ ဟောပြချင်ပါတယ်။ ဒီနေရာမှာ အဓိကထားပြီး ပြောဖို့ ဘာပါလာသလဲ ဆိုတော့ အရိယာနဲ့ အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်နှစ်မျိုးပေါ့။ အရိယာနဲ့ ပုထုဇဉ်လူ နှစ်မျိုးပေါ့။

ဒီအရိယာနဲ့ပုထုဇဉ်တွေ နှစ်မျိုးကို ပြောပြမယ် ဆိုရင် ဟောသူ နာသူတွေက ပုထုဇဉ်တွေဆိုတော့ အရိယာမဟုတ်တာက များတာကိုး၊ သာမန်အားဖြင့် လောကမှာ အရိယာမဟုတ်တာတွေက များတော့ အရိယာအကြောင်းထက် ပုထုဇဉ်အကြောင်းကို အရင် ပြောပြရမယ်။

www.burmeseclassic.com

www.burmeseclassic.com


ပုထုဇဉ်အကြောင်း ပြောမယ်ဆိုရင်လဲ ပိုနားလည်အောင် ပုထုဇဉ်တွေရဲ့ ဖြစ်ပုံ၊ နေပုံ၊ ပြောပုံဆိုပုံ၊ လောကကြီးကို မြင်တတ်ပုံတွေ ထည့်ပြောရပါမယ်၊ ဒါမှလည်း ပိုပြီး နားလည်မှာကိုး။ အဲ . . . ပုထုဇဉ်အကြောင်း ပြောမယ် ဆိုရင်လဲ အရိယအကြောင်းကိုတော့ နည်းနည်းချင်း ထည့်ထည့် တွဲပြောပေးရင် နည်းနည်း သိသာနိုင်တယ်ပေါ့၊ ပုထုဇဉ်နဲ့အရိယာက တူမှ မတူဘဲကိုး။

ဒီတစ်ခါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို လူနှစ်မျိုးအကြောင်း နားလည်အောင် ပြောရရင် "မနုဿတ္တဘာဝေါဒုလ္လဘော" အကြောင်းကို ထည့်ပြောဦးမှပဲ။ လူ့ဘဝဆိုတာ ရဖို့ရာ ခဲယဉ်းတယ်တဲ့။ ဘာဘဝ ရဖို့ရာ ခဲယဉ်းလဲ၊ (လူ့ဘဝပါဘုရား)၊ လူဘဝရဖို့ရာ ခဲယဉ်းသတဲ့။

ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်နေတာ လောက်ကို လူခေါ်ရင် တစ်လောကလုံး လူတွေ ဒီလောက် များနေတာ၊ လူဖြစ်ဖို့ ဘာခဲယဉ်းစရာ

www.burmeseclassic.com

www.burmeseclassic.com


ရှိလည်းလို့တော့ ပြောစရာ ဖြစ်လာတာပေါ့။ ဒါကြောင့် လူအကြောင်းကို သဘောပေါက်အောင် လူ့အကြောင်း နည်းနည်းပြောပြချင်တယ်။

လူနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ လူနဲ့မတူတဲ့ တိရစ္ဆာန်အကြောင်းကိုလဲ အရင်ပြောပြရပါမယ်၊ လူအကြောင်းကို ယဃနနသိအောင် တိရစ္ဆာန် အကြောင်းနဲ့ ယှဉ်ပြီးပြောမှ 'သြော် . . . တိရစ္ဆာန် ဖြစ်နေရင် လူမဟုတ်သေးဘူး'၊ လူဆိုရင်လည်း တိရစ္ဆာန် မဖြစ်ဘူးပေါ့လေ။ ဒီလို သိလာနိုင် တာပေါ့။ အခုလည်းပဲ အရိယာအကြောင်း ပြော မယ်ဆိုရင် အရိယာနဲ့မတူတဲ့ ပုထုဇဉ်ရဲ့အကြောင်း ကိုလဲ ပြောရမှာပဲ၊ ဘယ်သူ့အကြောင်း ပြောရ မယ်လဲ၊ (ပုထုဇဉ်အကြောင်း ပြောရမယ်ပါဘုရား)။

အဲ . . . ရှေးဦးစွာလူအကြောင်း ပြောမယ် ဆိုရင် ဦးပဥ္စင်းတို့က တိရစ္ဆာန်အကြောင်းနဲ့ ယှဉ်ပြောလေ့ရှိတယ်။ ဒီတိရစ္ဆာန်အကြောင်းကို အပိုလက်ဆောင်အနေနဲ့ နည်းနည်းပြောပြပါမယ်။ ဦးပဥ္စင်းတို့ကျောင်းမှာ သကြ်တရားစခန်း ရှိနေတယ် ဆိုတော့ ဒုလ္လဘရဟန်းတွေ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com


မနေ့ညကလည်း ဒီစကားလေး ထည့်ပြောပါတယ်။ဒုလ္လဘရဟန်းတွေ တစ်ရာကျော်ပေါ့လေ၊ ရဟန်းခံကြတယ်။ တရားအားထုတ်တဲ့ ယောဂီတွေကလည်းကိုးရာကျော် အားထုတ်နေကြတယ်။ အဲဒီမှာလည်း မနေ့က တိရစ္ဆာန်အကြောင်း နည်းနည်းထည့်ပြောပါတယ်။

လူနဲ့တိရစ္ဆာန်နဲ့ မတူပုံလေး၊ ဘယ်သူနဲ့ ဘယ်သူ မတူသလဲ၊ (လူနဲ့တိရစ္ဆာန်နဲ့ပါဘုရား)၊ လူနဲ့တိရစ္ဆာန်နဲ့ မတူဘူးလေ၊ လူဆိုတာက "အကျိုးရှိတယ် မရှိဘူး၊ ကောင်းတယ် မကောင်းဘူး၊" ဒါနားလည်တာ လူ။ တိရစ္ဆာန်ကြတော့ လူလိုကို မဟုတ်ဘူး။ ဒါတော့ ဟုတ်တာပေါ့လေ၊ တိရစ္ဆာန်ကြတော့ လူလိုကို ဘယ်ဟုတ်မလဲ။

ပြောပြပါဦးမယ်၊ တိရစ္ဆာန်နဲ့ လူနဲ့ ဘာကွာသလဲ ဆိုလို့ရှိရင် အဲ . . . တိရစ္ဆာန်ဆိုတာက ဥပမာနဲ့ ပြောမှာပေါ့လေ။ အခု ဒီစကားက ဒီလူတွေကို ပြောတာ မဟုတ်ဘူးနော်။ ပြောပြတာလောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


ဦးပဥ္စင်းက ဓမ္မဒူတ ဇေတဝန်တောရမှာ ရှိတဲ့သူတွေတို့ကို ပြောမယ်လည်းဆိုရော စိတ်ထဲမှာ ဘာဥပမာပေါ်လာသလဲ ဆိုတော့ ကြက်မကြီးနဲ့ကြက်သားလေးတွေ ပေါ်လာတယ်၊ စိတ်ထဲမှာပေါ့။ ကြက်သားလေးတွေ ပိလစ်ပိလစ်နဲ့ အများကြီး၊ ကြက်မကြီးကလည်း သိတဲ့အတိုင်းပဲ ကတွတ်, ကတွတ်နဲ့ပေါ့။ အဲဒီကြက်မကြီးနဲ့ ကြက်သားလေးတွေက လူလား၊ တိရစ္ဆာန်လား၊ (တိရစ္ဆာန်ပါဘုရား)။

အဲ . . . ပိုင်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ်က ကျွေးချင်မွေးချင်တဲ့ပုဂ္ဂိုလ်က အဲဒီကြက်မကြီးနဲ့ ကြက်သားလေးတွေကို ဘာလုပ်လိုက်လည်းဆိုတော့ ဆန်တွေ, ဆန်ကွဲတွေ ပုံကျွေးလိုက်တယ်။ စားစေချင်လို့ မြေကြီးပေါ် ပုံချထားပေးလိုက်တယ်။အေးအေးဆေးဆေးစားပေါ့။ နှုတ်သီးလေးနဲ့ တောက်တောက်တောက်တောက်နဲ့ ကောက်စားပေါ့။ ကျွေးတဲ့လူက မစားစေချင်လား၊ စားစေချင်လား။ (စားစေချင်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီစားစေချင်လို့ ကျွေးတာ၊ စားပေ့ါ။ အဲ့ဒီလို စားစေချင်လို့ ဆန်တွေ, ဆန်ကွဲကို ပုံကျွေးလိုက်တာ။ ကြက်မကြီးက ကောက်စားသလား။ ယက်ဖြဲလိုက်သလား။ (ယက်ဖြဲလိုက်ပါတယ်ဘုရား)၊ အဲဒါ တိရစ္ဆာန်ပေ့ါ။

တိရစ္ဆာန်ဆိုတာ ဘာလုပ်သလဲ။ (ယက်ဖြဲပါတယ်ဘုရား)၊ ကောင်းစေချင်လို့ တစ်ဦးတစ်ယောက်က ပေးရင်၊ ကောင်းစေချင်လို့ တစ်ဦးတစ်ယောက်က ပြောရင်၊ ကောင်းစေချင်လို့တစ်ဦးတစ်ယောက်က ကူရင် ဘာလုပ်ပစ်တတ်လဲ။ (ယက်ဖြဲပစ်တယ်ပါတယ်ဘုရား)၊ အဲဒါ တိရစ္ဆာန်ကို ပြောပါတယ်။

အဲ . . . ကျောင်းမှာလည်း ဒုလ္လဘတွေ တစ်ရာတစ်ရာ့ငါးဆယ်လောက် ရှိပါတယ်။ ကျောင်းမှာ သံဃာတော်တွေကိုလည်း ဆွမ်းခံပြီးတော့ ရှာကျွေးထားပါတယ်။ တရားဟောပြီးတော့လည်း ရှာကျွေးထားပါတယ်။ သံဃာတော်တွေ မိမိတာဝန် မိမိထမ်းဆောင်နေကြတယ်၊ ပရိယတ္တိစာပေတွေ သင်လို့၊ ပဋိပတ္တိတရားအလုပ်အား

www.burmeseclassic.com

www.burmeseclassic.com


ထုတ်လို့ သီလအကျင့်တွေ ဖြည့်ကျင့်လို့ သာသနာရဲ့ အနှစ်သာရတွေကို ကောက်ယူစားသုံး နေလိုက်ကြတာ၊ ဘေးက ကြည့်ရတာ ဝမ်းသာစရာကြီးပါပဲ။

ကဲ-ဟောဒီ တရားနာနေတဲ့ ပရိသတ်တွေ ဓမ္မဒူတ ဇေတဝန်တောရမှာ တစ်သက်လုံး တရားအလုပ် အားထုတ်ရင်း နေကြပါလား၊ စားရေးသောက်ရေး ဘာမျှမပူပန်ပါနဲ့၊ ရှာကျွေးဆိုရင်ရော ဘယ်လိုလဲ၊ ပြော၊ နေကြမလား၊ (စဉ်းစားပါဦးမယ် ဘုရား)။

အမလေး . . . ကျောင်းမှာပဲ တစ်သက်လုံး နေပြီး တရားအားထုတ်ပါလို့ ပြောတာ။ ဒါဘာလုပ်ပေးတာလည်းဆိုတော့ ဆန်တွေ, ဆန်ကွဲတွေ ပုံပေးတာပေါ့။ အဲဒီတော့ သူတို့က ဘာလုပ်မှာလဲ ဆိုတော့ နေနိုင်မှာလား၊ ယက်ဖြပစ်မှာလား၊ (ယက်ဖြပစ်မှာပါဘုရား)၊ ဟုတ်လား၊ ဒီထဲမှာလဲ ယက်ဖြမယ့် လူတွေပါတာပဲလား။

အို-သူတော်ကောင်းတို့၊ ပေါ့ပေါ့တန်တန် မလုပ်လိုက်ပါနဲ့။ လူနဲ့တိရစ္ဆာန် လုံးဝမတူပါ၊ လူတို့ သဘောပေါက်စေချင်ရင် ဘုရားရှင်ကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com


မြတ်ကြီးက တစ်ခါတစ်လေ တိရစ္ဆာန်အကြောင်း နားလည်အောင် ပြောပြပေးပါတယ်၊ အမိအဖ တွေက သားသမီးတွေကို လိမ္မာစေချင်လို့ သား သမီးတွေကို ပုံကျွေးကြပါတယ်။ ဦးတွေ၊ အဒေါ် တွေက လိမ္မာစေချင်လို့ တူတွေ၊ တူမတွေကို ပုံကျွေးကြပါတယ်။ အကိုတွေ၊ အမတွေကလည်း မောင်တွေ၊ ညီမတွေကို ပုံကျွေးကြပါတယ်။ မလိမ္မာတဲ့ ပုဂ္ဂိုလ်တွေက ကောက်စားသလား။ ယက်ဖြဲသလား။ (ယက်ဖြဲပါတယ်ဘုရား)။

ဇဝံ တထာ-ပမာပုံမျိုး ထိုနည်းအတူသာလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း လေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ပြီးတော့ လူနတ်ပြဟ္မာ သတ္တဝါတွေထဲမှာ လူအစစ်ဖြစ် ကြတဲ့၊ နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်တွေအတွက် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ဟော ဖော်ညွှန်ပြ ဆိုဆုံးမ၍ ပုံကျွေးတော်မူပေ၏၊ တရားအပုံ စုပုံပေးပါတယ်၊ ဟုတ်လား။

ဘုရားရှင်က တရားတော်တွေကို စုပုံ၍ ပြီးကျွေးတော့ အေးအေး ကောက်စားသလား၊

www.burmeseclassic.com

www.burmeseclassic.com


ယက်ဖြဲသလား၊ (ယက်ဖြဲပါတယ်ဘုရား)၊ ကိုယ်လုပ်နေတာတွေကို ကိုယ်ပြန်ပြီး ကြည့်ကြစေချင်တယ်၊ တွေ့ခဲ့ပါတယ်။

တွေ့ခဲ့ပါတယ်၊ အခု ကြွလာတော့၊ မှော်ဘီကနေ ကားနဲ့ ကျောင်းပြန်တော့ သင်္ကြံအတွင်းမှာဆိုတော့ လမ်းမှာ မူးလို့ ရူးလို့ပေါ့၊ မူးရင်း ရူးရင်းနဲ့ ကားနဲ့စက်ဘီးနဲ့ တိုက်တာ တွေ့ခဲ့ရတယ်၊ မူးလို့ ရူးလို့ အော်လို့ ဟစ်လို့ ကြည့်လို့လည်း မကောင်း၊ ရှုလို့လည်း မကောင်း၊ နားလည်းမခံသာစရာတွေနဲ့ သူတော်ကောင်းတွေ ရှောင်ကွင်းကြတဲ့ အလုပ်တွေကို လုပ်နေလိုက်ကြတာ၊ ပျော်လို့ပါးလို့။

သာသနာတော်ကြီးအတွင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအနေနဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပုံမကျွေးဘူးလား၊ ကျွေးလား၊ (ကျွေးပါတယ်ဘုရား)၊ သီလ သမာဓိ ပညာ တရားပုံတွေရော ပုံမကျွေးဘူးလား။ ကျွေးလား၊ (ကျွေးပါတယ်ဘုရား)။

အဲ-ဒါပေမဲ့ စောစောကလို လူတွေကြတော့ ဘာလုပ်နေကြလဲ၊ ယက်ဖြဲနေကြတယ်၊ ဒီက

www.burmeseclassic.com

www.burmeseclassic.com


တရားနာ ပရိသတ်တွေကရော ပုံကျွေးတာကို ကောက်စားမှာလား၊ ယက်ဖြုပစ်မှာလား၊ (ကောက်စားမှာပါဘုရား)။

အေးပေါ့၊ ပုံကျွေးမှာကို အသာကောက်စားမှာပေါ့။ တရားနာနေတယ်ဆိုတာ ပုံကျွေးတာကို အသာကောက် စားတယ် ခေါ်တယ်၊ ယက်ဖြုတာမှ မဟုတ်တာ၊ တရားနာနေတာကိုး၊ ဟုတ်တယ် မဟုတ်လား။

သာသနာမှာ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို နိဗ္ဗာန်လိုလားတဲ့ လူတွေအတွက် လူအစစ်တွေအတွက် ပုံပေးခဲ့ပါတယ်၊ ချကျွေးတော်မူခဲ့ပါတယ်၊ ယောဒီပရိသတ်တွေက ဘာလုပ်နေသလဲဆိုရင် ကောက်ယူစားသုံးနေကြပါတယ်။ အခု တရားတော်တွေကို ကောက်ယူစားနေလား၊ မစားဘူးလား၊ (ကောက်စားနေတာပါဘုရား)၊ ဘယ်နှစ်ရက်လဲ။ (လေးရက်ပါဘုရား)။ ဟင်. . လေးရက်ထဲလား၊ ကောက်စားမှာပေါ့၊ ကျန်တဲ့

www.burmeseclassic.com

www.burmeseclassic.com


ရက်ကြတော့ ဘာလုပ်ကြမှာလဲ၊ (ယက်ဖြဲပါမယ် ဘုရား)၊ သွားရော - သွားရော။

အို့ ့ သူတော်ကောင်းတို့ ပေ့ါပေ့ါတန်တန် မတွေးလိုက်ပါနဲ့။ လူနဲ့တိရစ္ဆာန်နဲ့ ဆိုတာ အဲဒီလို ကွာပါတယ်၊ အရိယာနဲ့ ပုထုဇဉ်ဆိုတာ အဲဒီ လိုကွာပါတယ်။ အရိယာမဟုတ်တဲ့သူနဲ့ ဟုတ်တဲ့ သူနဲ့ အလွန်ကွာလှပါတယ်။

အရိယာပုဂ္ဂိုလ်တွေက သာသနာရဲ့ အနှစ် သာရတွေကို ကောက်ယူ၍ သီလ သမာဓိ ပညာ တွေကို သုံးစား သုံးဆောင်၍ နေကြလေကုန်၏။ ပုထုဇဉ်တွေ ဘာလုပ်နေသလဲ၊ ခု ပြောခဲ့တဲ့ ဥပမာကို မြင်တော့ မြင်ဘူးလား။ တရားနာတဲ့ ပရိသတ်တွေက မြင်ဖူးကြတယ်၊ မဟုတ်လား။

ကြက်မကြီး ဘာလုပ်နေလဲ၊ (ယက်ဖြဲနေ ပါတယ်ဘုရား)၊ ကြက်မကြီး ဖြစ်နေတာနော်။ ယက်ဖြဲနေတယ်။ ကြက်မကြီးက သူ့စားကျက် သူယက်ဖြဲနေတာ၊ လုပ်နေကြဆိုတော့ ကိစ္စ မရှိဘူး ထင်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဟို . . . ကြက်သားပေါက်လေးတွေကို လည်း ကြည့်လိုက်ပါဦး၊ သူတို့လေးတွေကလည်း သူ့အမေကြီးကို ကြည့်ပြီး သူ့အမေကြီးလိုပဲလိုက်ပြီး ယက်ဖြုံနေကြတယ်နော်၊ ဟုတ်လား၊ဘယ်သူက သင်ပေးတာလဲ၊(ကြက်မအမေကြီးပါဘုရား)။

အို-သူတော်ကောင်းတို့၊ ပေ့ါပေ့ါတန်တန် မတွက်လိုက်ပါနဲ့၊ ကိုယ်က အမေ၊ ကိုယ်ကအဖေ၊ ကိုယ်က အိမ်ထောင်ဦးစီး၊ ကိုယ်က မိဘ၊ ကိုယ်က ဆရာသမား ဆိုရင် သီလ သမာဓိ ပညာတွေကို ဘာလုပ်ရမလဲ၊ ကောက်ကောက်ယူ, ကောက် ကောက်စားသုံးပြရမယ်။

ကိုယ်ကသာ ကောက်ယူ စားသုံး မပြရင် သားသမီးတွေ ဘာလုပ်ကြမလဲ၊ (ယက်ဖြုံမှာပါ ဘုရား)၊ ကိုယ်ကသာ သီလ သမာဓိ ပညာတွေကို ကောက်ယူစားသုံး လုပ်ပြရင် သားသမီးတွေ ကလည်း သီလ သမာဓိ ပညာတွေကို ကောက်ယူ စားသုံး ကျင့်ကြံနေကြမှာပါပဲ။

တိရစ္ဆာန်ကြက်ကလေးတွေ၊ ငှက်ကလေး တွေဟာ စားတတ်၊ သောက်တတ်၊ နေတတ်၊ ထိုင်

www.burmeseclassic.com

www.burmeseclassic.com


တတ်ကြပါတယ်၊ သူလို ကိုယ်လိုလေးတွေကို လည်း လုပ်တော့ လုပ်တတ်ကြပါတယ်နော်။ မြင်ဖူး၊ တွေ့ဖူးကြတယ်မဟုတ်လား။

အမှန်တော့ ပြောလို့သာ ပြောရတာပါ၊ ဒီလို အပြောတွေကို သိပ်မပြောချင်ပါဘူး၊ အခု တရားနာနေတဲ့ လူတွေကို တိရစ္ဆာန်နဲ့နှိုင်းတာ မဟုတ်ပါဘူးနော်၊ တရားမဟောမီ အစကတည်းက ကြို ပြောရထားသေးတယ်။ ဒီအခုပြောတာက တရားဟောတာ မဟုတ်ဘူးလို့၊ ဒါဥပမာ ပေးတာ၊ အဲဒီ မှော်ဘီ ဓမ္မဒူတက လူတွေကို ပြောပြနေတာပါလို့၊ ဟောခဲ့တာတွေကို ခုနက ဟောခဲ့တာ ပြန်ပြောတာပါလို့။

ဒုဂ္ဂမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာမဒ။
အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။
အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

www.burmeseclassic.com

www.burmeseclassic.com


အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ထံတော်မှောက် ကာမဒဆိုတဲ့ နတ်သားတစ်ပါး ရောက်လာပါတယ်၊ အဲဒီ ကာမဒနတ်ဆိုတဲ့နတ်ဆိုတာ အမှန်ကတော့ ကာမံ ဒေတီတိ ကာမဒေါ၊ ကာမဒေါ-လိုချင်စရာတွေကို ပေးပြီးတော့ လူတွေကို တဏှာလောဘတွေဖြစ်အောင်လုပ်တတ်တဲ့ သူကို ကာမဒ လို့ခေါ်တာပါ။

ကာမဒနတ်၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အခါတစ်ပါး မာရ်နတ်ရဲ့ ဘက်တော်သားနတ်ပေါ့၊ အဲဒီမာရ်နတ်ရဲ့ ဘက်တော်သားဖြစ်တဲ့ နတ်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကိုးလိုးကန့်လန့်ဖြစ်အောင် လာလုပ်တယ်လို့ ပြောရမှာပေါ့။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ ဘယ်ဖြစ်မလဲ၊ ဘာမျှကို မဖြစ်ပါဘူး။ အဲဒီကျတော့မှ ကာမဒနတ်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောပေးတဲ့တရားတော်ပါ။

ဒုက္ကမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာမဒ။

www.burmeseclassic.com

www.burmeseclassic.com


အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။
အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

ကာမဒ-လောက အာရုံ ကာမဂုဏ်တွေကို နှစ်သက်သဘောကျအောင် လုပ်လုပ်ပြတတ်တဲ့ အိုနတ်သား၊ကာမဂုဏ်တွေကို ကာမတဏှာတွေနဲ့ လိုချင်နေကြတဲ့ သတ္တဝါတွေကို လိုချင်စရာတွေနဲ့ ဖမ်းဖမ်းပြပြီးတော့ နှစ်သက်အောင် လုပ်လုပ်ပြီး သင့်ကျော့ကွင်းက မလွတ်အောင် ဖမ်းထားတဲ့ အို-နတ်သား။

ဟဲ့. . . ကာမဒ၊ မာရ်နတ်ရဲ့အသင်းအပင်း ကာမဒ၊ အရိယာ-အရိယာပုဂ္ဂိုလ်တို့သည်၊ ဂစ္ဆန္တိ-သွားတတ်ကြလေကုန်၏၊ ဂစ္ဆန္တိ-လမ်းလျှောက်တတ်ကြလေကုန်၏၊ ဂစ္ဆန္တိ-ခရီးနှင်တတ်ကြလေကုန်၏၊ နေတတ်ထိုင်တတ်ကြလေကုန်၏။

တကယ်တမ်းပြောလို့ရှိရင် အရိယာပဲ ဖြစ်ဖြစ်၊ ပုထုဇဉ်ပဲဖြစ်ဖြစ် နိဗ္ဗာန်ကို မစံဝင်ရသေးရင်၊

www.burmeseclassic.com

www.burmeseclassic.com


ဒီရုပ် ဒီနာမ် ဒီခန္ဓာ ရှိနေသေးရင် သံသရာခရီးကို မသွားရဘူးလား၊ သွားရလား။ (သွားရပါတယ် ဘုရား)။ သံသရာခရီးကို သွားနေကြရတယ်၊ ဒီ သံသရာထဲမှာပဲ နေထိုင်နေကြရတယ်၊ (မှန်လှပါ ဘုရား)။

ကာမဒ-အများသတ္တဝါတွေကို လိုက်နှောင့် ယှက်နေတဲ့ ကာမဒ၊ သံသရာစက်ကွင်းက မလွတ် ကင်းအောင်လို့၊ အမြဲတုပ်နှောင် မလွတ်ကင်း အောင်လို့ နှောက်ယှက်နေတဲ့ ကာမဒ၊ အရိယာ- အစစ်တကယ် ဖြစ်တော်မူကြတဲ့ ပုဂ္ဂိုလ်မြတ်တို့ သည်၊ ဂစ္ဆန္တိ-သွားတတ်ကြလေကုန်၏၊ နေတတ် ထိုင်တတ်ကြလေကုန်၏။

ဘယ်တွေမှာ ဘယ်ကို သွား၊ ဘယ်လိုလဲ ဆိုတော့ ဒုဂ္ဂမေ-သာမညပုဂ္ဂိုလ်တွေ မသွားတတ် ကြတဲ့ ခဲယဉ်းတဲ့လမ်း၊ လမ်းခရီးခဲတွေကိုလည်း၊ ဂစ္ဆန္တိ-သွားတတ်ကြလေကုန်၏။ ဝိသမေ-မညီ မညွတ် ဂမိုးဂမု ချော်လဲနိုင်လောက်တဲ့ လမ်းခရီးခဲ ၌လည်းပဲ၊ အရိယာ-အရိယာပုဂ္ဂိုလ်တို့သည် ဂစ္ဆန္တိ- သွားတတ်ကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com


ဉာဏ်နဲ့ အာရုံပြုကြည့်လိုက်ရင် အရိယာက သံသရာခရီးကို သွားတတ်တယ်ဆိုတော့ ပုထုဇဉ်က မသွားတတ်ဘူးပေါ့၊ (မှန်လှပါဘုရား)၊ မသွားတတ်ဘူးလို့ပဲ အဖြေထွက်ပါတယ်။ အရိယာက သွားတတ်တယ် ဆိုတော့ ပုထုဇဉ်က မသွားတတ်ဘူးပေါ့။

ဘယ်လို မသွားတတ်ဘူး၊ ဘယ်လို သွားတတ်သလဲဆိုတော့ အရိယာပုဂ္ဂိုလ်တွေက လမ်းမကောင်းလဲဘဲ သွားတတ်ပါတယ်၊ လမ်းမညီလဲဘဲ သွားတတ်ပါတယ်၊ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လမ်းကို ကိုယ်သွားနိုင်ကြလေကုန်၏။

အို. . . သူတော်ကောင်းတို့၊ ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ။ အရိယာပုဂ္ဂိုလ်တွေက လမ်းမကောင်းလဲဘဲ သွားတတ်ပါတယ်။ လမ်းမညီလဲပဲ သွားတတ်ပါတယ်။

ကာမဒ၊ အရိယာပုဂ္ဂိုလ်ဆိုတာက သံသရာခရီးလမ်းမှာ လမ်းမညီလဲဘဲ သွားတတ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ညာဏ်လမ်းလေးနဲ့ အာရုံပြုကြည့်လိုက်ရင် လောက ကြားမှာ "လာဘော အလာဘော ယသော အယသော နိန္ဒံ ပသံသာ သုခံ ဒုက္ခံ" ဆိုတဲ့ လောကဓံရှစ်ပါး မရှိဘူးလား ရှိလား၊ (ရှိပါတယ် ဘုရား)၊ ရှိတယ်၊ ညီညွတ်တဲ့လမ်းလဲ ရှိတယ်၊ မညီညွတ်တဲ့လမ်းလဲ ရှိတယ်၊ ကောင်းတဲ့လမ်းလဲ ရှိတယ်၊ မကောင်းတဲ့လမ်းလဲ ရှိတယ်။

အရိယာပုဂ္ဂိုလ်တွေကြတော့ မကောင်းတဲ့ လမ်းလဲ လျှောက်တတ်ကြတယ်။ မညီတဲ့လမ်းလဲ လျှောက်တတ်ကြသတဲ့။ လမ်းကောင်း မကောင်း ဆိုတာကတော့ လောကကြီးမှာ ကြုံနေရပါတယ်၊ လမ်းကောင်း မကောင်းထက် လမ်းလျှောက်တတ် က အရေးကြီးပါတယ်။ ဘာအရေးကြီးလဲ၊ (လမ်း လျှောက်တတ်ဖို့က အရေးကြီးပါတယ်ဘုရား)၊ ဟုတ်တယ်၊ လမ်းလျှောက်တတ်ဖို့ အလွန်အရေး ကြီးပါတယ်။

တရားနာ ပရိသတ်တွေအတွက်ရော လမ်း လျှောက်တတ်ဖို့ အရေးကြီးသလား၊ အရေးမကြီး ဘူးလား၊ (အရေးကြီးပါတယ်ဘုရား)၊ ဟုတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com


လျှောက်တတ်ရမှာပေ့ါ။ ‘လမ်းလျှောက်တယ်၊ လမ်းလျှောက်တယ်’ဆိုတာကို အာရုံပြုကြည့်လိုက်ရင်“လာဘော-လာဘ်လာဘရခြင်း၊ အလာဘော-လာဘ်လာဘမရခြင်း၊ ယသော-အခြွေအရံပေါခြင်း၊ အယသော-အခြွေအရံရှားခြင်း၊ နိန္ဒ-ကဲ့ရဲ့ခြင်း၊ ပသံသာ-ချီးမွမ်းခြင်း၊ သုခံချမ်းသာခြင်း၊ ဒုက္ခံ-ဆင်းရဲခြင်း” လောကဓံတရားတွေကို မြင်တွေ့ကြရမှာပေ့ါ၊ ဒီလောကဓံတွေကပဲ လောကကိုလျှောက်လှမ်းရာမှာ တွေ့ရမယ့် လမ်းမျက်နှာပြင်တွေပေ့ါ။

တစ်နည်းပြောရရင် သံသရာခရီးလမ်းမှာ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတွေ ကြုံကြရလေကုန်၏။ဣဋ္ဌာရုံအာရုံက လေးပါး၊ အနိဋ္ဌာရုံအာရုံက လေးပါး၊ ပေါင်းစုပြီး ခြုံပြောလိုက်ရင် ဣဋ္ဌာရုံ အနိဋ္ဌာရုံနှစ်ပါး၊ အဲဒါကို တစ်ဆင့် ပြန်ပြောလိုက်ရင် သံသရာခရီးသွားတွေအတွက် အာရုံတွေ ကြုံကြုံနေကြလေကုန်၏။ ကောင်းတယ်လို့ သတ်မှတ်တဲ့ အာရုံလဲ ကြုံကြရလေကုန်၏။ မကောင်းဘူးလို့ သတ်မှတ်တဲ့ အာရုံလဲ ကြုံကြရလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com


အရိယာပုဂ္ဂိုလ်တွေက ဘယ်အာရုံပဲကြုံကြုံ လမ်းလျှောက်တတ်ကြလေကုန်၏၊ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် ကိုယ့်လမ်းကို လျှောက်လှမ်းနိုင်ကြလေကုန်၏။

အရိယာ အရှင်မြတ်တွေက လောကမှာ လမ်းကောင်းကောင်း လျှောက်တတ်တော်မူကြလေကုန်၏။ ဟော့ . . လောဘ ဒေါသ မောဟ ကိလေသာတွေ မဖြစ်တော့၊ ဒီလိုလေး ပြောလိုက်တော့ တရားအလုပ် အားထုတ်တဲ့အခါမှာ ဘယ်လိုဘယ်လို ရှု၊ ဘယ်လိုဘယ်ဝါ မှတ်ပြီး အားထုတ်လို့ ပြောတာထက် ပိုပြီး နားလည်သွားကြစေချင်ပါတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ တရားစခန်းက အပြန် အိမ်ရောက်ကြလို့ အားထုတ်တဲ့အခါ ရိပ်သာမှာ ဒီလိုပဲ မှတ်၊ ရှုပြီး အားထုတ်နိုင်ကြပေမဲ့ အိမ်ကြတော့ ဒီလို မှတ် ရှု ထိုင် ဆိုတဲ့အတိုင်း အားထုတ်လို့ မရကြတော့တာတွေ ရှိကြပါတယ်၊ ဒီအတိုင်း မနေတတ်ကြတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေဆိုတာက ဘုရားရှင်ကိုယ်တော်မြတ် ရှေ့မှောက်မှာလဲ ပြောရင်း၊ နာရင်း အားထုတ်လို့ရတဲ့ တရားတော်မြတ်ပါ၊ အိမ်မှာပဲ နေရင်း၊ ထိုင်ရင်း အားထုတ်လို့ ရနိုင်တဲ့ တရားတော်မြတ်ပါ။

တရား အားထုတ်တဲ့အခါ အနေအထိုင်၊ အမူအရာ သီးခြားပြောင်းမသွားပါဘူး၊ ဝိပဿနာတရားအတွက် ပြောနေတာပါ၊ ဒါဖြင့် ဘာပြောင်းသွားသလဲ၊ စိတ်ပြောင်းသွားပါတယ်၊ ဘာပြောင်းသွားသလဲ။ (စိတ်ပြောင်းသွားပါတယ်ဘုရား)၊ စိတ်ပြောင်းသွားတယ်၊ ဒါကို ဘယ်တော့မှ မမေ့နဲ့နော်။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်၊ တရားမတွေ့ရင်၊ တရားမရှိရင် စိတ်ပင်ပန်းတယ်။ တရားတွေ့ရင်၊ တရားရှိရင် စိတ်မပင်ပန်းကြဘူး။ မနေတတ် မထိုင်တတ်ရင် စိတ်ပင်ပန်းတယ်၊ နေတတ်ထိုင်တတ်ရင် စိတ်မပင်ပန်းတော့ဘူး၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


အို. . သူတော်ကောင်းတို့၊ ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ။ တရားအလုပ်အားထုတ်တယ် ဆိုတာ စိတ်ပင်ပန်းခံဖို့လား၊ စိတ်ချမ်းသာဖို့လား။ (စိတ်ချမ်းသာဖို့ပါဘုရား)၊ တရားအလုပ်အား ထုတ်တယ်ဆိုတာ ကိုယ်အပင်ပန်းခံဖို့လား ကိုယ်ချမ်းသာဖို့လား၊ (ကိုယ်ချမ်းသာဖို့ပါဘုရား)၊ ဒီခန္ဓာကိုယ်ကောင်ကြီးနဲ့ ပတ်သတ်လို့ သုံးမျိုးရှိတာပေါ့လေ။ ဒီပရိသတ်တွေ နားလည်အောင်လို့ ပြောရရင်တော့ ကိုယ်အပင်ပန်းခံတာရယ်၊ကိုယ်ချမ်းသာတာရယ်၊ ကိုယ်ဇိမ်ကျတာရယ်။

ကိုယ်နဲ့ ပတ်သက်ပြီးတော့ ဘယ်နှစ်မျိုး ရှိ (သုံးမျိုးရှိပါတယ်ဘုရား)၊ ကိုယ်အပင်ပန်းခံတာရယ်၊ ကိုယ်ချမ်းသာတာရယ်၊ ကိုယ်ဇိမ်ကျပြီးနေတာရယ်၊ စိတ်ပင်ပန်းခံတာရယ်၊ စိတ်ချမ်းသာတာရယ်၊ စိတ်ဇိမ်ကျတာရယ်။ တရားအားထုတ်တယ်ဆိုတာ ကိုယ်ပင်ပန်းခံဖို့လဲ မဟုတ်၊ ကိုယ်ဇိမ်ကျတာလဲ မဟုတ်၊ ကိုယ်ချမ်းသာဖို့ပါ၊ ကိုယ်ချမ်းသာအောင် နေရပါမယ်။ ကိုယ်ကောင်ကြီးဇိမ်ကျခံနေဖို့လဲ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


ယနေ့ည, တရားအားထုတ်နည်းကို ရှင်းရှင်းလွယ်လွယ် မှန်မှန်ကန်ကန် သိအောင် ပြောပေးလိုက်ပါမယ်။

'တရားအလုပ် အားထုတ်တယ်' ဆိုတာ ကိုယ်ချမ်းသာဖို့၊ စိတ်ချမ်းသာဖို့၊ ကိုယ်ချမ်းသာအောင်၊ စိတ်ချမ်းသာအောင် နေတတ်ဖို့ ကြိုးစားရမှာပါ၊ မပင်ပန်းစေရပါဘူး၊ ကိုယ်ချမ်းသာ, စိတ်ချမ်းသာနေတတ်ရင် ရပါပြီ။

ဒါဖြင့် ကိုယ်ချမ်းသာတယ်၊ စိတ်ချမ်းသာတယ်ဆိုတာ ဘယ်လိုဖြစ်တတ်သလဲ မေးရင် များသောအားဖြင့် စိတ်ဆင်းရဲရင် ကိုယ်ဆင်းရဲတတ်တာပါပဲ။ ကိုယ်ချမ်းသာရင်လဲ စိတ်ချမ်းသာတတ်တာပါပဲ။ 'စိတ်ထောင်းတော့ ကိုယ်ကျေ၊ စိတ်ပျိုတော့ ကိုယ်နု'လို့ ဆိုရိုးစကားတွေက ရှိတာကိုး၊ ဒါတွေကတော့ ယေဘုယျတွေပါ။

အဓိကအားဖြင့်တော့ ကိုယ်ချမ်းသာချင်ရင် အနေတတ်ရတယ်၊ အသွားတတ်ရတယ်။ အထိုင်တတ်ရတယ်။ အရပ်တတ်ရတယ်၊ အလျှောက်

www.burmeseclassic.com

www.burmeseclassic.com


တတ်ရတယ်။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာ ပုတ်လေးပါး ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ကောင်ကြီး အတွက် နေတတ် ထိုင်တတ်ရပါတယ်။

ကိုယ်ချမ်းသာချင်ရင် ဣရိယာပုတ်လေးပါး သင့်တင်မျှတအောင် နေတတ်ရတယ်တဲ့၊ ဘာတဲ့။ (ဣရိယာပုတ်လေးပါး မျှတအောင် နေတတ်ရပါ တယ်ဘုရား)၊ တကယ်လို့ မိမိက တစ်နာရီပဲ ထိုင်နိုင်ပါတယ် ဆိုပါလျက်နဲ့ ကြာကြာ သုံးလေး နာရီထိုင်နေရင် အဲဒါ အနေမတတ်ဘူးလို့ ခေါ် တာပေါ့။

ကိုယ့်ခန္ဓာကိုယ်ကောင်ကြီးကို အပင်ပန်း ခံပြီးနေတာ၊ မနိုင်တာတွေကို လိုက်လုပ်တာ။ ခန္ဓာ ကိုယ်ကို အရင်းတည် ဆင်းရဲခံပြီး မဖြစ်နိုင်တာ တွေကို အတင်းအဓမ္မ လိုက်လုပ်နေတာတွေ ရှိတယ်၊ အနေမတတ်ကြတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ အဲဒီ လိုပုဂ္ဂိုလ်မျိုးကို တရားအားထုတ်တတ်တယ် ခေါ် မလား၊ အားမထုတ်တတ်ဘူး ခေါ်မလား၊ (အား မထုတ်တတ်ဘူးလို့ ခေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့ဉာဏ်နဲ့ စဉ်းစားကြည့်ပါနော်၊ တစ်ချို့က တစ်နာရီ ထိုင်နိုင်တယ်၊ ထိုင်နိုင်ရင် ထိုင်ပါ။ တစ်ချို့က နှစ်နာရီ သုံးနာရီ ထိုင်နိုင်တယ်၊ ထိုင်နိုင်ရင် ထိုင်ပေါ့၊ မထိုင်နိုင်ရင် မထိုင်နဲ့လေ၊ ဒါပဲ ရှိတာပဲ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ထိုင်နိုင်တဲ့စွမ်းရည်ချင်း၊ ရပ်နိုင်တဲ့စွမ်းရည်ချက်က မတူပါဘူး။

ဦးပဥ္စင်းတို့ ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော်ဘုရားကြီးနှင့် ဟိုး . . စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကျောင်းတိုက်ဆီမှာ (၇) ရက်စခန်း ဖွင့်ဖူးပါတယ်၊ စစ်ကိုင်းမြို့က ရွှေဟင်္သာ ကျောင်းနဲ့ကျောက်စိမ်းကျောင်းတိုက်မှာ တရားစခန်းနှစ်ခုကို တစ်ပြိုင်တည်း ကျင်းပတယ်။

ဆရာတပည့်နှစ်ပါး ဟိုသွားလိုက်၊ ဒီသွားလိုက်နဲ့ ဒီလိုပဲ အလှည့်နဲ့ ဟောပေးရတာပေါ့၊ အဲဒီ တရားစခန်းတုန်းက ဒါယကာကြီး တစ်ယောက် ကြုံရတယ်၊ အဲဒီဒါယကာကြီးက တရုပ်အမျိုးသား ကြီး၊ တရုပ်လို ခပ်ဝဲဝဲ ပြောတာပေါ့လေ၊ တရုပ်

www.burmeseclassic.com

www.burmeseclassic.com


ဝဲဝဲပြီး ပြောတာ၊ ပြောတဲ့စကားကတော့ ဗမာစကားပဲပေါ့။

အဲဒီစစ်ကိုင်းမြို့က ကျောက်စိမ်းတိုက် တရားစခန်းမှာ သူတရားအားထုတ်တော့ သုံးရက်လောက်လည်းကြရော အထုပ်တွေ ပြင်ပြီးတော့ ပြန်တော့မလို့တဲ့၊ ပြန်ချင်လွန်းလို့၊ (၁၀) ရက်စခန်းအတွင်းမှာပဲ ဆရာတော်ဆီ လာလျှောက်တယ်၊ (ဆရာတော်ပြန်မယ်တဲ့)၊ (ဟာ - ဒါယကာကြီး ဘာလို့ပြန်မှာလဲ) ဆိုတော့ (အို . . . နှစ်ခါရှုံးတယ်တဲ့)။

'ဟာ . . . ဘာနှစ်ခါ ရှုံးတာလဲ၊ ပြော'လို့ ဆိုတော့၊ 'အရှင်ဘုရားပဲ တွက်ကြည့်လေ၊ အိမ်မှာ စီးပွားပျက်လို့ တစ်ခါရှုံးတယ်၊ အခု တရားထိုင်ရတာ ညောင်းတော့ တစ်ခါရှုံးတယ်'တဲ့၊ ဘယ်နှစ်ခါရှုံးလဲ၊ (နှစ်ခါပါဘုရား)။ ဒီလူတွေ တရားအားမထုတ်ဖူးဘူးလား၊ အားထုတ်ဖူးလား၊ (အားထုတ်ဖူးပါတယ်ဘုရား)၊ ဘယ်နှစ်ခါရှုံးလဲ။

အဲဒီမှာ တရုပ်ကြီးက စီးပွားမရ တစ်ခါရှုံး၊ တရားအားထုတ်တော့ လူလဲ ပင်ပန်း တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com


ရှုံး၊ ဘာမှလည်း မဖြစ်၊ အကျိုးမရှိဘူး၊ ပြန်မယ်တဲ့၊ လူလည်း ပင်ပန်းသေး၊ စိတ်လည်း ပင်ပန်းသေး နှစ်ခါရှုံးတယ်၊ ပြန်မယ်တဲ့။

အဲဒီတော့ ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော်ကြီးက 'ဒါယကာကြီး ဘာအလုပ်လုပ်လဲ ပြော' ဆိုတော့၊ 'ဟာ. . တပည့်တော်က သွားစိုက်ဆရာဝန်'တဲ့၊ ဘာတဲ့၊ (သွားစိုက်ဆရာဝန်ပါဘုရား)၊ သွားစိုက်ဆရာဝန်ဆိုတော့ ထိုင်နေတာများလား၊ ရပ်နေတာများလား၊ လမ်းလျှောက်နေတာ များလား၊ (ရပ်လိုက် လမ်းလျှောက်လိုက် များပါတယ် ဘုရား)။

အဲ. . ရပ်လိုက်၊ လမ်းလျှောက်လိုက်နဲ့ ထိုင်ရတယ်မှ မရှိဘဲ။ သွားစိုက်တဲ့သူ များလို့ရှိရင် ရပ်လိုက်၊ လမ်းလျှောက်လိုက် တောက်တောက်တောက်တောက်နဲ့ သွားကို ခေါက်လိုက်၊ ဟိုဟာစစ်လိုက်၊ ဒီဟာစစ်လိုက်၊ ဒီလို လုပ်နေတာကိုး။ သွားစိုက် ဆရာဝန်လို့လဲ ပြောလိုက်ရော. . . ဆရာတော်က 'ဪ. . . ဒါယကာကြီး၊ အဲဒီလိုဆိုရင် မထိုင်နဲ့' တဲ့။

www.burmeseclassic.com

www.burmeseclassic.com


'ဟာ - တရားက မထိုင်လို့ ရသလား'တဲ့၊ 'ရတယ် ဒါယကာကြီး၊ မထိုင်လဲ တရားက ရနိုင်ပါတယ်၊ ကိုယ်နဲ့အဆင်ပြေအောင် နေတတ်ဖို့သာ အဓိကပါ။ ထိုင်တာက ဒါယကာကြီးနဲ့ အဆင်မပြေဘူး'တဲ့။

ဒါယကာကြီး ကြာကြာထိုင်တော့ မညောင်းဘူးလားတဲ့။ 'ညောင်းတာပေါ့ သေလုရောပဲ'တဲ့၊ မနာဘူးလားတဲ့၊ 'နာတာပေါ့၊ ဘာပြောကောင်းမလဲ'တဲ့။ ဒါကြောင့် အိမ်ပြန်မလို့တဲ့။

'အား အဲဒါကြောင့်တော့ မပြန်ပါနဲ့၊ မထိုင်ချင်လို့တော့ မပြန်ပါနဲ့၊ ဒါယကာကြီး ဒီလို လုပ်ပါလား'တဲ့၊ ဆရာတော်ကြီးက သေသေချာချာ လုပ်ပြတယ်၊ ဆရာဝန်ဆိုတော့ လက်ကောက် ဝတ်မှာ သွေးတိုး စမ်းကြည့်သလို စမ်းခိုင်းတယ်။

စမ်းခိုင်းတော့ ဒုတ်ဒုတ်နဲ့ သွေးတွေလည်ပတ် သွားနေတာလေး၊ လှုပ်နေတာလေးကို တွေ့တာပေါ့၊ ဒါယကာကြီးမှာ ဒိတ်ဒိတ်ကလေးဖြစ်ဖြစ် အဲဒီနေရာလောက်လေးမှ တိုးနေတာလေး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၊ ဘာလေးဖြစ်ဖြစ် ဖြစ်နေတာကို မကြည့်နိုင်ဘူး လားဆိုတော့၊ ဟာ. . ဒီလောက်တော့ ကြည့်နိုင် တာပေါ့၊ မထိုင်ရရင်ပြီးရော'

'ဟုတ်ပြီ၊ အဲဒါလေးကို ကြည့်နိုင်မယ်ဆိုရင် မထိုင်နဲ့၊ ဒီတစ်နေရာမှာ သိတာလေးကို လမ်းလျှောက်ရင်းနဲ့ ကြည့်၊ အဲဒီနေရာလေးကို ကြည့်နေပါ'လို့ ပြောပေးလိုက်တယ်။

အဲဒီတော့ တရုပ်ကြီးကလေ လမ်းလျှောက်ရင်းနဲ့ သိသာနေတဲ့ နေရာလေးကို ကြည့်ယင်းကြည့်ယင်းနဲ့ လမ်းလျှောက်သွားတာ၊ ဘယ်ရောက်သွားလည်းဆိုလို့ရှိရင် ဟို-စစ်ကိုင်းတောင်ထိပ် ဆွမ်းဦးပုညရှင်ဘုရားကို ရောက်သွားတယ်။ လူလဲမပန်း၊ စိတ်လဲမပန်းဘူးတဲ့။ သူနဲ့အဆင်ပြေတဲ့ ကြိယာပုတ်နဲ့ နေတတ်သွားတာကိုး။

တရားစခန်းက စစ်ကိုင်းတောင်ခြေမှာ စစ်ကိုင်းတောင်ခါးပန်းမှာ၊ တရားစခန်းကနေ တဖြည်းဖြည်း လျှောက်ရင်း လျှောက်ရင်းနဲ့ သူသတိလေးတော့ ထားတာပေါ့၊ ဆွမ်းဦးပုညရှင် ဘုရားအထိ

www.burmeseclassic.com

www.burmeseclassic.com


ရောက်သွားတာ၊ မမောမပန်းနဲ့ အဲဒီကနေ ပြန်လှည့်လာတယ်။

ကျောင်းပြန်ရောက်တော့ ဆရာတော်ဆီ လာပြီး လျှောက်တယ်၊ 'ဟုတ်သွားပြီ၊ မပြန်တော့ ဘူး'တဲ့၊ လမ်းလျှောက်ရတာပဲ ကောင်းတယ်၊ မော လဲ မမောဘူး၊ ဘုရားလဲ ဖူးရတယ်၊ တရားရှုရ တာလဲ အဆင်ပြေတယ်၊ ထိုင်ပြီး မှတ်နေလို့ ကတော့ စိတ်ညစ်တာနဲ့ ညောင်းတာနဲ့ သေလိမ့် မယ်တဲ့။

တရားအလုပ် အားထုတ်ဖို့ဆိုတာ သင့်တင့် လျောက်ပတ်တဲ့ ဣရိယာပုတ်တွေ နေတတ်ဖို့ အရေးကြီးပါတယ်၊ ကိုယ်အပင်ပန်းခံနိုင်ဖို့ထက် ကိုယ်နဲ့သပ္ပါယမျှတာနဲ့ နေတတ်ဖို့က အရေးကြီး ပါတယ်၊ 'ဣရိယာပထ သုခသေဝနတာ'တဲ့၊ တရားရကြောင်းတစ်ပါးအနေနဲ့ ချမ်းချမ်း သာသာ နေရမယ်၊ ချမ်းသာတဲ့ ဣရိယာပုတ်ကို မှီဝဲ ရမယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ မိန့် ထားတာကိုး။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်နဲ့ ထိုင်တာနဲ့ ကိုက်သလား၊ ကိုယ်နဲ့ ရပ်တာနဲ့ ကိုက်သလား၊ ကိုယ်နဲ့လမ်းလျှောက်တာနဲ့ ကိုက်သလား၊ ကိုယ့်ကိုယ်ကိုယ် သတိထားမိဖို့က အရေးကြီးတယ်။ ကိုယ့်ကိုယ်ကိုယ် အသိဆုံး မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)၊ ဟုတ်တယ်၊ ကိုယ့်ကိုယ်ကို ချမ်းသာနေရဲ့လားလို့ သိဖို့က အရေးကြီးတာပဲ၊ စာထဲမှာ ထိုင်မှသာ တရား ရတယ်လို့လဲ မပါဘူး။ ရပ်မှ တရားရမယ်လို့လဲ မပါဘူး၊ လျောင်းမှ တရားရမယ်လို့လဲ မပါဘူး၊ လမ်းလျှောက်မှ တရားရမယ်လို့လဲ မပါဘူး။ ဣရိယာပုတ်လေးပါးစလုံး အချိန်မရွေး တရားထူး ရနိုင်တယ်လို့ပဲ ပါတယ်။ ဣရိယာပုတ် သပ္ပါယ မျှတရမယ်လို့ ပါတယ်။

ဦးပဥ္စင်းတို့ စဉ်းစားကြည့်တယ်။ သူက သွားစိုက်ဆရာဝန် ဆိုတော့ အဲဒီလိုပဲ လည့်ပတ်ပြီး တော့၊ လမ်းလျှောက်ပြီးတော့၊ လူနာကို လှည့် ပတ်ပြီး သေချာစိစစ် ကြည့်ရတာဆိုတော့ ဆရာ တော်ဘုရားကြီးက အဲဒီလို လမ်းလျှောက်ရင်း အားထုတ်နည်း သင်ပေးလိုက်တာ မကောင်းဘူး

www.burmeseclassic.com

www.burmeseclassic.com


လား၊ ကောင်းလား၊ (ကောင်းပါတယ်ဘုရား)၊ အဆင်မပြေဘူးလား၊ ပြေလား၊ (ပြေပါတယ်ဘုရား)။

မော်တော်ပီကယ် လမ်းပြပုလိပ် ဆိုရင် ဘယ်လိုလုပ်မလဲ၊ စဉ်းစား၊ ယောဂီကသာ တရားပြတဲ့ဆရာဆိုရင် မော်တော်ပီကယ်ကို ထိုင်ခိုင်းမလား၊ (မထိုင်ခိုင်းပါဘုရား)၊ အေးပေါ့၊ ဘယ်ထိုင်ခိုင်းလို့ ရမလဲ၊ သူတို့က သူတို့အဆောင်လေးထဲမှာ ခြေထောက်ချပြီး ထိုင်နေတာ ခဏပဲ ရှိတယ်။ များသောအားဖြင့် မတ်တပ်ရပ်ပြီး နေရတာက အကြာကြီးပါ၊ မတ်တပ်ရပ်တာပဲ များတာပေါ့။ မော်တော်ပီကယ်ဆိုရင် မတ်တပ်ရပ်ပြီး အားထုတ်ခိုင်းပေါ့၊ ဟုတ်လား။

တကယ်တမ်း ကိုယ်အပင်ပန်း မခံနိုင်လို့ ရှိရင် ဣရိယာပုတ်ကို သေချာ ရွေးပြီးတော့ ကိုယ်နဲ့သင့်တော်မဲ့ ဣရိယာပုတ်နဲ့ နေရတယ်တဲ့။ ကိုယ်နဲ့မကိုက်တဲ့ ဣရိယာပုတ်နဲ့ နေရင် ကိုယ်မပင်ပန်းဘူးလား၊ ပင်ပန်းလား၊ (ပင်ပန်းပါတယ်ဘုရား)၊ ကိုယ်ပင်ပန်းမှုကို ဘယ်တော့မှ မခံနဲ့၊

www.burmeseclassic.com

www.burmeseclassic.com


တရားအားထုတ်နည်း မှန်ရင် ဘယ်တော့မှ ကိုယ် မပင်ပန်းဘူး’တဲ့။

ကိုယ်ပင်ပန်းရင် စိတ်ပါ ပင်ပန်းတယ်တဲ့။ မနေတတ်၊ မထိုင်တတ်တော့ ကိုယ်ပင်ပန်းရင် စိတ်ပါ ပင်ပန်းတယ်။ အဲဒါကိုတော့ သဘော ပေါက်စေချင်ပါတယ်။

ကဲ. . . ဒီလို မေးကြည့်မယ်၊ ဒီလူတွေကို။ သွားစိုက်ဆရာဝန်တစ်ယောက်ဟာ လမ်းလျှောက် တာနဲ့ မသင့်တော်ဘူးလား၊ (သင့်တော်ပါတယ် ဘုရား)၊ ရပ်တာနဲ့ မသင့်တော်ဘူးလား။(သင့်တော် ပါတယ်ဘုရား)၊ ဟင်း - ဟုတ်ပြီ၊ မော်တော် ပီကယ်ကြတော့ ရပ်တာနဲ့ မသင့်တော်ဘူးလား၊ (သင့်တော်ပါတယ်ဘုရား)၊ ယောဂီကြတော့ ကော၊ ကဲ. . ဒီလို မေးကြည့်မယ်။ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့က လျှောင်းတာနဲ့ သင့်တော် လား၊ ထိုင်တာနဲ့ သင့်တော်လား၊ ရပ်တာနဲ့ သင့် တော်လား၊ လမ်းလျှောက်တာနဲ့ သင့်တော်လား၊ (မသိပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


ကဲ. . ကိုယ့်ကိုယ်ကိုယ် ဘာနဲ့သင့်တော် သလဲလို့ မသိဘူးသေးရင် သိအောင် ကြိုးစားနော်၊ ဣရိယာပုတ်လေးပါးစလုံးနဲ့ အားထုတ်ဖူးအောင်၊ နေဖူးအောင် နေကြည့်ရမယ်၊ နေကြည့်လို့ အဖြေသိရင်ပြီးတာပဲ။ ဦးပဍ္ဍင်းတို့အတွက်က ဘာနဲ့သင့်တော်လဲ ဆိုတော့ လျောင်းတာနဲ့ သင့်တော်တယ်။ ခါးလျားကြီးက ရှည်တာကိုး။ ဖဲသမားဆိုရင် (ထိုင်တာနဲ့ သင့်တော်ပါတယ်ဘုရား)၊ အဲဒါ သူတို့ပြောတာ၊ အဲဒါသူတို့ ပြောတာ။

ဒုဂ္ဂမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာ မဒ။
အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။
အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

ကာမဒ-ကာမဒနတ်၊ အရိယာ-အရိယာပုဂ္ဂိုလ်တို့သည်၊ ဂစ္ဆန္တိ-သွားတတ်ကြလေကုန်၏၊ ဒုဂ္ဂမေ ဝိသမေ မဂ္ဂေ-လမ်းကလည်းမကောင်း၊

www.burmeseclassic.com

www.burmeseclassic.com


မညီလဲ မညီမညွတ်လမ်း မဖြစ်သေးလမ်း မဟုတ်သေးရာ၌လည်း၊ အရိယာပုဂ္ဂိုလ်တို့သည် သွားတတ်ကြလေကုန်၏၊ လျှောက်တတ်ကြလေကုန်၏။

အို . . . သူတော်ကောင်းတို့၊ အောက်ထစ်ဆုံးအနေနဲ့ မိမိတို့တစ်တွေက အရိယာတွေ မဟုတ်သေးပါ။ ပုထုဇဉ်သဘာဝအနေနဲ့ တရားအားထုတ်မယ်ဆိုရင် ကိုယ့်ပယောဂကြောင့် ကိုယ်မပင်ပန်းအောင် နေတတ်ကြရပါတယ်၊ ဘာမပင်ပန်းအောင် နေတတ်ကြရမလဲ။ (ကိုယ်မပင်ပန်းအောင် နေတတ်ကြရပါမယ်ဘုရား)၊ ကိုယ့်ပယောဂကြောင့် ကိုယ်ပင်ပန်းပြီးတော့ နေရင် ဘယ်လောက်ထိ ဒုက္ခရောက်ရသလဲ၊ တွက်ကြည့်ပေါ့။ ကိုယ်မပင်ပန်းအောင်လဲ နေတတ်ရတယ်၊ စိတ်မပင်ပန်းအောင်လဲ နေတတ်ရတယ်တဲ့၊ (မှန်လှပါဘုရား)၊ 'စိတ်မပင်ပန်းအောင် ဘယ်လို နေမလဲ'တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး မထွန်းပေါ်စဉ်တုန်းက တချို့တချို့ပုဂ္ဂိုလ်တွေက စိတ်ဆိုတာတွေကို ရှိမှန်း သိရှိကြပါတယ်၊ စိတ်ဆင်း

www.burmeseclassic.com

www.burmeseclassic.com


ရဲ့ စိတ်ပင်ပန်းတာကိုပဲ သိကြပါတယ်။ ဘာလို့ စိတ်ပင်ပန်းတာလဲဆိုရင် သူတို့အထင်က အာရုံတွေ နှောက်ယှက်ဖျက်ဆီးတာ ခံရလို့ပဲ စိတ်ပင်ပန်းတယ်၊ ထင်ကြီးတယ်၊ တကယ်ကတော့ကိလေသာတွေ နှောက်ယှက်ဖျက်ဆီးတတ်၊ နှိပ်စက်တတ်လို့လဲ စိတ်ပင်ပန်းတတ်ပါသေးတယ်၊ အဲဒီလို စိတ်ပင်ပန်းတာကို အကြောင်းနှစ်မျိုး သိကြပါတယ်၊ ဘယ်နှစ်မျိုးသိလဲ၊ (နှစ်မျိုးပါဘုရား)။

အခု ယောဂီတွေမှာလည်း စိတ်မပင်ပန်းဘူးလား၊ ပင်ပန်းလား၊ (ပင်ပန်းပါတယ်ဘုရား)၊ ကိုယ်ရော မပင်ပန်းဘူးလား၊ (ပင်ပန်းပါတယ်ဘုရား)၊ ကိုယ်လဲ ပင်ပန်းတယ်၊ စိတ်လဲ ပင်ပန်းတယ်၊ အဲဒီ ကိုယ်ပင်ပန်း စိတ်ပင်ပန်းခံနေရတာက ကိုယ်ပင်ပန်းခံချင်လို့ခံတာလား၊ သူများတွေက ခိုင်းလို့ ပင်ပန်းခံတာလား၊ (သူများတွေ ခိုင်းလို့ပါလို့ဘုရား)။

ဘယ်သူ ခိုင်းတာလဲ၊ သေချာစဉ်းစားနော်၊ ဒီလူတွေက ကိုယ်ပင်ပန်းချင်လား၊ ကိုယ်ချမ်းသာချင်လား၊ (ကိုယ်ချမ်းသာချင်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


စိတ်ပင်ပန်းချင်လား၊ စိတ်ချမ်းသာချင်သလား၊ (စိတ်ချမ်းသာချင်ပါတယ်ဘုရား)။

အင်း - ဒါဖြင့်ရင်လဲ နေလိုက်ပေါ့၊ ကိုယ်ချမ်းသာအောင်၊ စိတ်ချမ်းသာအောင် နေလိုက်ပေါ့။ ဒါပေမယ့် အဲဒီလို နေလို့ရမှာ မဟုတ်ဘူး၊ ဘယ်လိုဖြစ်နေလို့လဲ ဆိုတော့ကာ တချို့တချို့ ရုံးအလုပ်သမား ဆိုလို့ရှိရင် အထက်အရာရှိက ခိုင်းလေလေ သူတို့က သဘောကျလေလေ၊ အခိုင်းခံရတယ်ဆိုကတည်းက ကိုယ်နဲ့ စိတ်ဟာ ချမ်းသာမှာလား၊ ပင်ပန်းမှာလား၊ (ပင်ပန်းမှာပါဘုရား)။

အဲဒီလိုပဲ အထက်အရာရှိက၊ သူဌေးက ကိုယ့်ကို ခိုင်းနေတဲ့သူကို အလွန်ပဲ ကျေနပ်နေကြတယ်၊ ကိုယ့်အိမ်မှာလည်း ကိုယ်ပင်ပန်းဘူးလား၊ ပင်ပန်းသလား၊ (ပင်ပန်းပါတယ်ဘုရား)၊ ခိုင်းတဲ့သူ မရှိဘူးလား၊ ရှိသလား၊ ဟော-ဒါကျတော့ မပြောရဲတော့ဘူး၊ သူက ခိုင်းလို့ ကိုယ်ပင်ပန်းကြရတာပါ၊ ကိုယ်က ခိုင်းလို့ သူပင်ပန်းကြရတာပါ။

www.burmeseclassic.com

www.burmeseclassic.com


သူက ကိုယ့်ခိုင်း၊ ကိုယ်က သူ့ခိုင်း၊ နင်က ငါ့ခိုင်း၊ ငါက နင့်ခိုင်း၊ ခိုင်းနေ အခိုင်းခံနေရတာ တွေကိုပဲ သဘောကျ၍ နေကြလေကုန်၏၊ ဒါတွေ ကြောင့် ပင်ပန်းရတာကို သူတို့ မသိကြပါပေ။

အို . . သူတော်ကောင်းတို့ အိမ်မှာနေ တော့လဲ ကိုယ်ပင်ပန်းပါတယ်၊ စိတ်ပင်ပန်းပါတယ်၊ ကျောင်းမှာ, ရိပ်သာမှာ နေတော့လဲ၊ ဆိုလိုတာက ကိုယ်လဲ ပင်ပန်းတယ်၊ စိတ်လဲ ပင်ပန်းတယ်ဆို ရင် အဲဒါ ကိုယ်မနေတတ်လို့ ပင်ပန်းတာ၊ စိတ် မနေတတ်လို့လဲ ပင်ပန်းတာ ဖြစ်ပါတယ်၊ အပင် ပန်းမခံပါနဲ့၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ် အောင်နေလိုက်စမ်းပါ၊ ကဲ - ဘယ်လို နေရမလဲ၊ (ကိုယ်ချမ်းသာ စိတ်ချမ်းသာအောင် နေရပါမယ် ဘုရား)၊ ဟုတ်ကဲ့လား။

ကိုယ်ချမ်းသာအောင်က ဘယ်လို နေရ သလဲ ဆိုရင် ထိုင်သင့်သလောက်ထိုင်၊ ရပ်သင့် သလောက် ရပ်၊ သွားသင့်သလောက် သွား၊ လျှောက်သင့်သလောက် လျှောက်၊ လျောင်း ထိုင် ရပ် သွား လေးပါးဣရိယာပုတ်ကို မျှမျှတတ

www.burmeseclassic.com

www.burmeseclassic.com


နေတာကို ကိုယ်ချမ်းသာအောင် နေတတ်တယ်လို့ ခေါ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင် လျှင် တောက်လျှောက် ထိုင်တာ ရပ်တာ လှဲတာ လျှောင်းတာ မဟုတ်ဘူး၊ အမြဲတမ်း တောက်လျှောက် ထိုင်နေတာမျိုး မဟုတ်ဘူးတဲ့၊ လျှောင်း ထိုင် ရပ် သွား လေးပါးဣရိယာပုတ် မျှတအောင် နေတာ ထိုင်တာပါ၊ ဣရိယာပုတ်တစ်ခု အညောင်း အညာ ဖြစ်တာနဲ့ နောက်ဣရိယာပုတ်တစ်ခု ပြောင်းလိုက်ပြင်လိုက်တာပါ။

ကိုယ်ပင်ပန်းမခံဘူးပေါ့၊ ကိုယ်ပင်ပန်း မခံ ချင်လို့ရှိရင် ဣရိယာပုတ်ကို နေတတ်အောင်နေ၊ စိတ်ပင်ပန်းမခံချင်ရင်၊ စိတ်မနေတတ်လို့ စိတ် ပင်ပန်းတာကို သဘောပေါက်လိုက်စမ်းပါ။ တချို့ တချို့က ထင်ကြလေကုန်၏။

အာရုံတွေအမျိုးမျိုးက နှောင့်ယှက်လို့ မိမိ စိတ် ပန်ပန်းဆင်းရဲ ဒုက္ခရောက်တယ်လို့၊ တကယ် တမ်းက ကိလေသာနှောင့်ယှက်လို့သာ စိတ်ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com


နေကြရတာပါ။ ဒါပေမဲ့ တရားနာတဲ့သူတွေ သဘောက်ပေါက်ရုံလောက် ပြောရရင် အာရုံ နှောင်ယှက်လို့နဲ့၊ ကိလေသာတွေ နှောင့်ယှက်လို့ စိတ်ပင်ပန်းကြရပါတယ်။

စိတ်ပင်ပန်းအောင် လုပ်တာ ဘယ်နှစ်မျိုး လဲ၊ (နှစ်မျိုးပါဘုရား)၊ တရားနာ ပရိသတ်တွေ ဗဟုသုတ အများကြီးရှိပါတယ်၊ ဖြေကြပါ၊ မိမိ စိတ်ပင်ပန်းတာ အာရုံတွေ နှောင့်ယှက်လို့လား၊ ကိလေသာ နှောင့်ယှက်လို့လား၊ (နှစ်မျိုးလုံးပါ ဘုရား)။

ကဲ - အခု တရားနာတဲ့ အချိန်မှာရော စိတ် ပင်ပန်းသေးလား၊ (မပင်ပန်းပါဘုရား)၊ ဟုတ်လား၊ တရားနာတဲ့အချိန်နဲ့ အိမ်မှာနေတဲ့အချိန်ကို ယှဉ် ကြည့်ရအောင် ကဲ - အိမ်မှာ မျက်လုံးဖွင့်လိုက် တာနဲ့ အာရုံတွေ မမြင်ဘူးလား၊ မြင်လား၊ (မြင်ပါတယ်ဘုရား)။ မမြင်ချင်တာတွေကို မြင် လိုက်တော့ စိတ်ပင်ပန်း ရောပေ့ါ။ နားလေးတွေ စွင့်လိုက်တာနဲ့ မကြားဘူးလား၊ ကြားလား၊ (ကြား

www.burmeseclassic.com

www.burmeseclassic.com


ပါတယ်ဘုရား)။ မကြားချင်တာတွေကို ကြားတော့ စိတ်ပင်ပန်းရောပေ့ါ။

မြင်စရာ အဆင်းအာရုံကြောင့် မြင်လို့လည်းပဲ စိတ်ပင်ပန်းကြလေကုန်၏။ ကြားစရာ အသံအာရုံကြောင့်ကြားလို့လဲပဲ စိတ်ပင်ပန်းကြလေကုန်၏။ နံ့စရာအနံ့အာရုံကြောင့် နံလို့လဲပဲ စိတ်ပင်ပန်းကြလေကုန်၏။ စားစရာ အရသာ အာရုံကြောင့် စားလို့လဲပဲ စိတ်ပင်ပန်းကြလေကုန်၏။ ထိစရာ အတွေ့အထိအာရုံကြောင့် ထိလို့လဲပဲ စိတ်ပင်ပန်းကြလေကုန်၏။ များသောအားဖြင့် အဲဒီလိုပဲ အာရုံကြောင့်သာ စိတ်ပင်ပန်းတယ်လို့ ထင်ကြလေကုန်၏။ အဲဒီလိုပဲ ပြောလိုက်ကြပါစို့။

စိတ်ပင်ပန်းရတာကို အာရုံကြောင့် ထင်တယ်၊ အာရုံနှိပ်စက်လို့သာ စိတ်ပင်ပန်းတယ်၊ အဲဒီလိုပဲ ထင်နေကြလေကုန်၏။ အဲဒီလိုထင်ကြရင် အာရုံဆိုးနှိပ်စက်လို့ စိတ်ပင်ပန်းတာလား၊ အာရုံကောင်းနှိပ်စက်လို့ စိတ်ပင်ပန်းတာလား၊ အဲဒါ စဉ်းစားကြည့်ပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com


အာရုံဆိုးလို့ခေါ်တဲ့ အနိဋ္ဌာရုံက နှိပ်စက်လို့သာ စိတ်ပင်ပန်းတာလို့ လူတွေက ထင်ကြလေကုန်၏၊ အဲဒီလို ထင်ကြတဲ့အတွက်ကြောင့် အနိဋ္ဌာရုံဆိုတဲ့ အာရုံဆိုးကို 'ရှောင်ပါ၊ ရှောင်ပါ' ဆိုပြီး ကျင့်ကြလေကုန်၏။

နောက်ပြီး ဘာကို ကြံအောင် ကျင့်ကြသလဲ ဆိုလို့ရှိရင် ဣဋ္ဌာရုံ အာရုံကောင်းကို ဆုံအောင်၊ ရအောင်၊ အလိုပြည့်အောင် ကျင့်ကြလေကုန်၏။ အခု တရားနာနေကြတဲ့ သူတော်ကောင်းပရိသတ်တွေကတော့ အထဲမှာ ကောင်းတဲ့အာရုံ၊ မကောင်းတဲ့အာရုံ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံကိုတော့ ခွဲခွဲခြားခြား သိကြပါတယ်။

ဒီလူတွေဟာ တစ်နေ့ တစ်နေ့ ဣဋ္ဌာရုံလို့ခေါ်တဲ့ ကောင်းတဲ့အာရုံကြီးကိုပဲ လိုက်ရှာနေလား၊ လိုက်မရှာဘူးလား၊ (ရှာပါတယ်ဘုရား)၊ အကုသိုလ်နဲ့ရှာတာမျိုးကိုတော့ ထည့်ပြီး မပြောလို့တော့ပါ။ တရားရှာနေပါတယ်ဆိုတဲ့ တကယ့် ဘာဝနာတရားအလုပ် အားထုတ်တဲ့ချိန်မှာကိုပဲ

www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်စမ်းပါ၊ ကုဋ္ဌာရုံလို့ ထင်ရတဲ့ အာရုံ ကောင်းကိုပဲ လိုက်ရှာနေတတ်ကြပါတယ်။

ဘာဝနာအလုပ်ဆိုတာ သမထ ဝိပဿနာ နှစ်မျိုးရှိပါတယ်။ သမထ ဆိုတာ ဘာလဲလို့ မေးရင် အာရုံကောင်းကို ကြည့်နေတာ၊ ကြည့်စရာလို့ ကိုယ်သတ်မှတ်ထားတဲ့ အာရုံကို ကြည့်နေတာဟာ သမထဘာဝနာပါ၊ အာရုံမကောင်းတာကို ဆုံမှာ ကြောက်ပြီးတော့၊ ကိုယ်မကြည့်လိုတဲ့ အာရုံကို ဆုံမှာ ကြောက်ပြီးတော့ ဘာကို ရှာတာလဲ ဆိုရင် အာရုံကောင်းကို ရှာတာပါပဲ။

ကိုယ်ရှာတဲ့၊ ကိုယ်သတ်မှတ်ပြီး ကြည့်နေတဲ့ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို တွေ့နေရလို့ စိတ် မပင်ပန်းရင် သမထဘာဝနာပါပဲ၊ သဘောပေါက် လား၊ (သဘောပေါက်ပါတယ် ဘုရား)၊ အာရုံ ကောင်းကို ရှာပြီး အာရုံကောင်းနဲ့တွေ့ပြီး စိတ် ပင်ပန်းမခံရင် သမထလို့ ဒီလိုပဲ အကြမ်းဖျင်း ပြော ထားလိုက်ချင်ပါတယ်။

တစ်နည်း ပြောမယ်ဆိုရင် စိတ်ကလေး ညစ်စရာ၊ ရှုပ်စရာလို့ ထင်ထားတဲ့ အနိဋ္ဌာရုံ

www.burmeseclassic.com

www.burmeseclassic.com


အာရုံတွေထဲမှာ စိတ်ကို အာရုံဆီ မရောက်၊ အာရုံ မပြုစေဘဲနဲ့ မိမိရဲ့စိတ်ထဲမှာ ကောင်းမြတ်, သန့်စင် သန့်ရှင်းတဲ့ အာရုံကောင်း ကုသိုလ်ရုံ, အတိတ်ကုသိုလ်ရုံ တွေ ပေါ်ပေါ်လာပြီး နေတာဟာ သမထပါပဲ။ အခု တရားနာနေတဲ့ သူတော်ကောင်းတွေက ဗုဒ္ဓါနုဿတိ မပွားဘူးလား၊ ပွားဖူးလား၊ (ပွားဖူးပါ တယ်ဘုရား)။

စိတ်ရှုပ် စိတ်ညစ်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ စိတ်ကြည်ချင်တဲ့ အခါမှာပဲ ဖြစ်ဖြစ် ပြုနေကြ ဗုဒ္ဓါနုဿတိကို ပွားများကြတယ်၊ အဲဒီလိုမျိုး ပွား များတာကို ဘာပြောင်းတယ် ခေါ်သလဲ၊ အာရုံ ပြောင်းတယ် ခေါ်ပါတယ်။

ဒီသူတော်ကောင်းတွေ မေတ္တာတွေ မပွား ဘူးလား၊ ပွားဖူးပါတယ်။ အဲဒီလိုမျိုးကို ဘာပြောင်း တယ် ခေါ်သလဲ၊ အာရုံပြောင်းတယ် ခေါ်ပါတယ်၊ စိတ်ချမ်းသာအောင် အာရုံပြောင်းတာကို သမထ လို့ ခေါ်ကြပါတယ်။ ဒါကလဲ ကုသိုလ်နဲ့ ပတ် သက်ပြီး ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com


လောကအာရုံ မကောင်းရာကနေ ကြိုက်ရာအာရုံတွေကို လိုချင်မှုနဲ့ ပြောင်းတာတွေကို စဉ်းစားနေ၊ တွေးနေတာကို ပြောတာ မဟုတ်ပါဘူး။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိစတဲ့ အနုဿတိခြောက်ပါး ပွားလို့ သမထပေါ့။ ပထဝီကသိုဏ်း၊ တေဇော ကသိုဏ်း၊ ဝါယောကသိုဏ်းတို့ စသည်အားဖြင့် ကသိုဏ်းတို့၊ နိမိတ်တို့ အာရုံတွေပြောင်းပြောင်း ပေးတာက ဘာဖြစ်အောင် လုပ်တာလဲဆိုရင် သမထဘာဝနာဖြစ်အောင် လုပ်တာပါပဲ။

အဲဒီအချိန်မှာ သတိမရှိဘူးလားလို့ ပြောရင် သတိကတော့ ရှိပါတယ်၊ ဟောဒီအာရုံကမကောင်းလို့ ဒီအာရုံကောင်းမှာ လာကြည့်မယ်လို့စိတ်ဖြစ်တဲ့အခါ သတိရှိတဲ့ စိတ်ဖြစ်ပါတယ်၊ သတိဆိုတာကလဲ အာရုံပြောင်းချင်လို့ဖြစ်တဲ့သတိဟာ သမထသတိလို့ပဲ ခေါ်လိုက်ပါဦး၊ သတိက ကောင်းတဲ့အာရုံကိုပဲ ကြည့်ချင်တယ်ဆိုတဲ့ သတိဟာ သမထသတိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


အို . . . သူတော်ကောင်းတို့၊ သမထ သတိကြောင့်မို့ သမထကမ္မဋ္ဌာန်း နိမိတ်အာရုံကို ကြည့်လိုက်တာနဲ့ စိတ်မပင်ပန်း၊ စိတ်ချမ်းသာမှုကို ရကြပါတယ်။ ဒီလို သမထအားထုတ်ရင်လဲ စိတ်ချမ်းသာမှုတစ်မျိုး ဖြစ်နိုင်ကြပါတယ်။ ဒါမှ မဟုတ်လို့ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်နဲ့ အဲဒီသဘောကို ပြန်ကြည့်လိုက်လို့ရှိရင် ကိလေသာနှိပ်စက်လို့ ငါစိတ်ပင်ပန်းနေခဲ့တယ်၊ အခု ကိလေသာမဝင်၊ သတိဝင်နေပါလားလို့ သိပြီး ကိလေသာ အဝင်မခံတဲ့ သတိဟာ ဝိပဿနာ သတိပါပဲ။ ဒါလဲ စိတ်ချမ်းသာမှု ဖြစ်နိုင်တာပါပဲ။

စိတ်ကို အာရုံ အဖျက်ဆီးမခံတာရယ်၊ ကိလေသာရဲ့ အဖျက်ဆီးမခံတာရယ် နှစ်မျိုးရှိပါတယ်၊ ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား)။ စိတ်ကို အာရုံရဲ့အဖျက်အဆီး မခံဘဲနဲ့ အာရုံကောင်းကိုပဲ ကြည့်မယ်ဆိုတဲ့ အမှတ်ရတဲ့ သတိ၊ စိတ်ကို ကိလေသာ အဖျက်အဆီး မခံဘဲ၊ ကိလေသာ အဖြစ် မခံ၊ ကိလေသာကို တားနိုင်တဲ့ သတိလဲ၊ ကိလေသာကို တားနိုင်၊ စောင့်ရှောက်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com


သတိက ဝိပဿနာသတိ၊ သတိနှစ်မျိုးရှိတာကို ပြောချင်တာပါ။

ဟောဒီ ပုဂ္ဂိုလ်တွေကတော့ ဝိပဿနာဘာဝနာကို အားထုတ်မှာလား၊ သမထ ဘာဝနာကို အားထုတ်မှာလား၊ (ဝိပဿနာဘာဝနာကိုပဲ အားထုတ်မှာပါဘုရား)၊ ကောင်းပါတယ်၊ ကောင်းပါတယ်။ ဒါပေမဲ့ ဖြစ်နိုင်ရင် သမထရော ဝိပဿနာပါ နှစ်မျိုးလုံး အားထုတ်စေချင်ပါတယ်။

သာသနာ ဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမပါ၊ ဒါန သီလ ဘာဝနာတွေ ပြုဖို့ ဘုရားရှင်က ဆုံးမခဲ့ပါတယ်၊ ဘာဝနာနဲ့ ပတ်သက်လို့ သမထနဲ့ ဝိပဿနာပေါ့။ ဝိပဿနာကတော့ ဘုရားရှင်ရဲ့ သာသနာမှာသာ ရနိုင် တွေ့နိုင်ပါတယ်၊ သမထကတော့ သာသနာအတွင်းမှာရော သာသနာပမှာပါ တွေ့နိုင်ပါတယ်၊ အခု အားထုတ်စေချင်တဲ့သမထက သာသနာပ သမထ မဟုတ်ဘဲနဲ့ သာသနာတွင်းက ဘုရားရှင်ကိုယ်တော်မြတ်ကြီး နှုတ်တော်က ထုတ်ဖော် ဟောတော်မူခဲ့တဲ့ သမထကိုသာ အားထုတ်စေချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်ကိုယ်တော်မြတ်ကြီး ညွှန်ကြားတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း နည်းလေးဆယ် ဆိုတာ ရှိပါတယ်၊ အဲဒါ သမထဘာဝနာအတွက်ပါပဲ၊ အဲဒီနည်းလေးဆယ်ကို အားထုတ်လဲ သမထ ဖြစ်ပါတယ်၊ စိတ်ချမ်းသာစေပါတယ်။ ဒါမှ မဟုတ်ရင် စတုရာရက္ခကမ္မဋ္ဌာန်းလိုမျိုး၊ ကိုယ်စောင့်တရားလေးပါး ကမ္မဋ္ဌာန်းလိုမျိုး၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ မရဏာဿတိကမ္မဋ္ဌာန်းတို့ ဆိုတဲ့ သဗ္ဗတ္ထကမ္မဋ္ဌာန်း ခေါ်တဲ့ အမြဲလက်ကိုင် ထားရမည့် သမထ ကမ္မဋ္ဌာန်းမျိုးတွေကိုလဲ အားထုတ်လို့ ရပါတယ်။

ဝိပဿနာကမ္မဋ္ဌာန်းကလဲ သမထကမ္မဋ္ဌာန်း လေးဆယ်ကို ပြောခဲ့သလို သာသနာအတွင်း မှာသာ အားထုတ်ရမယ့် ကမ္မဋ္ဌာန်းပဲ ဖြစ်ပါတယ်။ ရုပ်နာမ်၊ ခန္ဓာ၊ ပရမတ် အရှိတရားတွေရဲ့ သဘောတရား အမှန်တွေကို သေသေချာချာ သိမြင်တတ်တဲ့ ဝိပဿနာ အလုပ်ကိုလည်း အားထုတ်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


နားလည်စေချင်တာက သမထဆိုတာ မကောင်းတဲ့ အာရုံကို ရှောင်တာ၊ ကောင်းတယ် ထင်တဲ့ အာရုံနဲ့ နေတာ၊ ဝိပဿနာ ဆိုတာ မကောင်းတဲ့ ကိလေသာကို ရှောင်တာ၊ ကောင်းတဲ့ သတိ ဉာဏ်နဲ့ နေတာ၊ ဒီသဘောလေးကိုတော့ သိထားစေချင်ပါတယ်၊

အရိယာပုဂ္ဂိုလ်မြတ်တွေ ဆိုတာက လမ်းကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ လျှောက်တတ်ကြပါတယ်။ မယိမ်းမယိုင် နေနိုင်လျက် လျှောက်လှမ်းကြပါတယ်။ မကောင်းတဲ့အာရုံကြုံလဲပဲ အရိယာပုဂ္ဂိုလ်တွေက လျှောက်လှမ်းတတ်ကြပါတယ်။ ကောင်းတဲ့အာရုံ ကြုံလည်းပဲ အရိယာပုဂ္ဂိုလ်တွေဟာ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် လျှောက်လှမ်းတတ်ကြပါတယ်။

ဒုဂ္ဂမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာမဒ။
အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။

www.burmeseclassic.com

www.burmeseclassic.com


အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

အနရိယာ-အရိယာပုဂ္ဂိုလ် မဟုတ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ ဝိသမေ-မညီညွတ်တဲ့၊ မဂ္ဂေ-လမ်း၌၊ အာရုံအမျိုးမျိုးလို့ခေါ်တဲ့ ဝိသမေ မဂ္ဂေ-မညီမညွတ်တဲ့လမ်း၌၊ အဝံသိရာ-ခြေထောက်က မိုးမျှော် ဦးခေါင်းက အောက်ငိုက် စောက်ထိုး ကြီးစိုက်ကြကုန်လျက်၊ ပပတန္တိ-ခြေလွတ် လက်လွတ် ပြုတ်ကျကြလေကုန်၏။

ပုထုဇဉ်နဲ့အရိယာ ဘာကွာသလဲ ဆိုတော့ အရိယာပုဂ္ဂိုလ်က မယိမ်းမယိုင် လမ်းလျှောက်တတ်တော့ အေးအေးဆေးဆေး လိုရာခရီးရောက်တယ်တဲ့။ ပုထုဇဉ်က လမ်းလျှောက်ရင် မလျှောက်တတ်တော့ စောက်ထိုး မိုးမျှော်ဖြစ်ပြီး ပြုတ်ကျကြတယ်ပေါ့။

ဒီလိုပြောလိုက်လို့ရှိရင် လူလောကမှာ နေရတာဟာ ကြိုးတန်းပေါ်လမ်းလျှောက်နေတာထက် ပိုပြီးတော့ ဆိုးနေပါတယ်၊ (ဟုတ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com


ဘုရား)၊ ဆပ်ကပ်သမားများ ကြိုးတန်းလမ်း လျှောက်တာက ဒီဆပ်ကပ်ပညာကျွမ်းကျင်ရင် အေးအေးဆေးဆေး လမ်းလျှောက်နိုင်တာပေါ့။ ကြိုးတန်းပေါ်ကလည်း ဘယ်တော့မှ မကျပါဘူး။ အရိယာပုဂ္ဂိုလ်မြတ်တွေဟာ ဘယ်တော့မှ လောက ကြိုးတန်းပေါ်က ပြုတ်မကျတော့ပါဘူး။

မိမိတို့ ပုထုဇဉ်တွေရဲ့ သဘာဝကြတော့ ဘယ်ကြိုးတန်းကိုပဲ လျှောက်လျှောက်၊ မလျှောက် တတ်တော့ ဦးခေါင်းက အောက်စိုက်၊ ခြေထောက် က မိုးမျှော်၊ စောက်ထိုးကြီး ပြုတ်ပြုတ်ကျနေ ပါတယ်။ ဟောဒီအာရုံနဲ့ကြုံ၊ ကြိုးတန်းလျှောက် တယ်လို့ခေါ်တာပါပဲ။ ဒီအာရုံနဲ့ ကြုံ၊ ကြိုက်တယ်၊ ကြိုက်တယ်လို့ ဆိုပြန်လည်းပဲ မစောက်ထိုး မိုး မျှော်ကျတာပါပဲ။ ဒီအာရုံနဲ့ ကြုံ၊ ကြိုက်ဘူး၊ မကြိုက်ဘူး ဆိုပြန်လည်းပဲ စောက်ထိုး မိုးမျှော် ကျတာပါပဲ။ လောဘနဲ့လဲ အောက်ပြုတ်ကျကြ ပါတယ်၊ ဒေါသနဲ့လဲ အောက်ပြုတ်ကျကြပါတယ်၊ မောဟနဲ့လဲ အောက်ပြုတ်ကျကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုယ်ကို ပြန်စဉ်းစားပါ၊ ငါတို့ ဘာလို့ နိဗ္ဗာန်မရောက်တာလဲဆိုရင် သံသရာခရီးကို ဖြတ်ပြီးတော့ နိဗ္ဗာန်ကို သွားချင်နေပါလျက် ဘာလို့ နိဗ္ဗာန်ကို မရောက်တာလဲလို့ ဆိုရင် သံသရာခရီးထဲမှာ လမ်းလျှောက်တတ်လို့လား၊ မလျှောက်တတ်လို့လား၊ (မလျှောက်တတ်လို့ပါဘုရား)။

ဘယ်လောက်ထိ မလျှောက်တတ်လဲဆိုရင် ဘယ်အာရုံနဲ့ပဲ ဆုံဆုံ၊ တဗုန်းဗုန်းကိုကျနေတာပါပဲ၊ စောက်ထိုး မိုးမျှော်ကြီးကို ကျနေတာပါပဲ။ ဘယ်အာရုံနဲ့ပဲ ဆုံဆုံ၊ ဘယ်အချိန်မှာပဲ ဆုံဆုံ၊ ဘယ်နေရာမှာပဲ ဆုံဆုံ၊ ဘယ်လိုပုံစံနဲ့ပဲ ဆုံဆုံ ဇောက်ထိုးမိုးမျှော် ပြုတ်ကျနေတာပါပဲ။

အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်တော်မူတဲ့နေရာ သာသနာအတွင်းမှာ တရားရှိနေတုန်း၊ ဆရာသမားကောင်းရှိနေတုန်းဆိုတော့ နည်းနည်းစမ်းလျှောက်နေတုန်း အောက်မကျသေးဘူး ပြောနိုင်တာပေါ့။ အခု - ကိုယ့်အခြေအနေကို ကိုယ်ဆန်းစစ်ကြည့်ပေါ့လေ၊ အမှန်အတိုင်း သေချာစစ်ကြည့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ်လေးဘုံ မကျနိုင်ဘူးလား၊ ကျနိုင်လား ဆိုတာ (ကျနိုင်ပါတယ်ဘုရား)၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် လေးဘုံ အပါယ်လေးရွာက ကုတ်ကပ်ပြီးတော့ တတ်လာလိုက်ရတာ ခက်ခက် ခဲခဲ ပင်ပင်ပန်းပန်းပေ့ါ။

လူ့ဘဝကို ရောက်လာပြီး လူ့ဘဝကနေ ကြိုးတန်းလျှောက်ပြီးတော့ သံသရာခရီး သွား နေတာ မလျှောက်တတ်တော့ ပြုတ်ကျလိုက်၊ ဘာလို့ လျှောက်ရင်းနဲ့ ပြုတ်ကျနေ တာလဲဆိုရင် လမ်းမလျှောက်တတ်လို့၊ ဘယ်လို လမ်းမလျှောက် တတ်တာလဲ ဆိုရင် ဟိုအာရုံကြည့်၊ ဒီအာရုံကြည့်။ ဟိုအာရုံကြတော့ ကောင်းတယ်၊ ဒီအာရုံကြတော့ မကောင်းဘူး။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကြည့်တော့ စောက်ထိုးမိုးမျှော် ပြုတ်ကျကြတာ ပေ့ါ။

အမှန်ကတော့ လမ်းလျှောက်တတ်ဖို့ အရေးကြီးပါတယ်။ သူ့နေရာနဲ့သူ၊ သူ့နေရာနဲ့ သူ လမ်းလျှောက်တတ်ဖို့ အရေးကြီးပါတယ်။ ဇကာယ်

www.burmeseclassic.com

www.burmeseclassic.com


တမ်းကျတော့ ကောင်းတဲ့အာရုံလဲ အာရုံပါပဲ။ မကောင်းတဲ့အာရုံလဲ အာရုံပါပဲ။ အာရုံဆိုတဲ့ သဘော ပရမတ်မှန်ရင် ဖောက်ပြန် ပြောင်းလွဲပြီး တော့ နေတာ သဘာဝပါပဲ၊ ရုပ်အာရုံလည်း ဖောက်ပြန် ပြောင်းလဲပြီးတော့ ဖြစ်ပြီးပျက်တာပဲ။

နာမ်အာရုံကလည်း အာရုံကို သိ၊ ညွတ် တယ်ဆိုတာ သဘာဝပါပဲ၊ အဲဒီလိုပဲ သိရင်း၊ ညွတ်ရင်းနဲ့ပဲ ဖြစ်ပြီးပျက်တာပါပဲ။ ဒါပရမတ် သဘော၊ ရုပ်သဘော နာမ်သဘောတွေပါပဲ။ တကယ်တန်း အားထုတ်ထားရင် မိမိရဲ့စိတ်က ဒီသဘောတွေကို သိထားနိုင်တာပေါ့။ ဒါတွေကို တော့ အသေးစိပ်သိဖို့ နားလည်ဖို့ကို နောင်မှပဲ အသေးစိပ် ပြောပေးပါဦးမယ်။

အခုတော့ ဒီလိုလေး ပြောကြည့်မှာပေါ့။ အိမ်မှာ နံနက်မိုးသောက် အလင်းရောက်လို့ သားသမီး၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်း၊ မိသားစုတွေကို မမြင်ဘူးလား၊ မြင်လား၊ (မြင်ပါ တယ်ဘုရား)။ မိသားစုတွေက တစ်ပုံစံတည်း တစ်ပြေးတည်းလား၊ (မဟုတ်ပါဘူးဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com


တစ်ပြေတည်း မဟုတ်ရင်ရော ညီသလား၊ မညီဘူးလား (မညီပါဘူးဘုရား)။ ဘယ်လိုမှ မညီဘူးနော်။

မိသားစုတွေ မညီတာကို ကြည့်ပြီးတော့ ကိုယ့်စိတ်မညီတာတွေ အဖြစ်ခဲနေရရင် စောက်ထိုးမိုးမျှော်ကျတယ်လို့ ခေါ်တာပေါ့။ လိမ္မာတဲ့ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့ သူလေးက လိမ္မာတယ်၊ ဆိုးတဲ့ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့ သူလေးက ဆိုးတယ်။ လိမ္မာတဲ့သူအပေါ်ကြတော့ စိတ်ကတစ်မျိုးထားတတ်ကြတယ်၊ဆိုးတဲ့ပုဂ္ဂိုလ်အပေါ်ကြတော့ စိတ်က တစ်မျိုးထားတတ်ကြတယ်။

အဲဒီလို မိသားစုချင်း အတူတူဖြစ်ပါလျက်၊ သားသမီးချင်း အတူတူဖြစ်ပါလျက် မတူတဲ့ အမြင်၊ မတူတဲ့ အကျင့်နဲ့ နေတတ်ကြ ကျင့်တတ်ကြတဲ့ ပုဂ္ဂိုလ်မျိုးတွေကြတော့ လမ်းမလျှောက် တတ်ဘူးလို့ ခေါ်ပါတယ်။

အရိယာပုဂ္ဂိုလ် အရှင်မြတ်တွေကြတော့ လိမ္မာတဲ့ပုဂ္ဂိုလ်ကိုလဲ သိတယ်။ မလိမ္မာတဲ့ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com


ကိုလဲ သိတယ်။ ဆိုးတဲ့ပုဂ္ဂိုလ်ကိုလဲ သိတယ်၊ မဆိုးတဲ့ပုဂ္ဂိုလ်ကိုလဲ သိတယ်။ အဲဒီပုဂ္ဂိုလ် နှစ်မျိုး အပေါ်ကို စိတ်အတူတူ ထားနိုင်ကြတယ်။ အခု ပြောပြတဲ့ သဘောတွေကို သဘောပေါက်လား မသိ။ (ပေါက်ပါတယ်ဘုရား)။

တရားအားထုတ်တယ် ဆိုတာကို ဟိုလိုဒီလို မပြောလိုပါဘူး။ ဟောဒီ ဟောနေတဲ့ သုတ္တန် အနေနဲ့ ပြောရရင် တရားအားထုတ်တယ် ဆိုရင် မြင်တဲ့အာရုံမှာ တစ်ပြေးတည်း ထားနိုင်ရမယ်။ ကြားတဲ့အာရုံမှာ တစ်ပြေးတည်း ထားနိုင်ရမယ်။ နံတဲ့အာရုံ၊ စားတဲ့အာရုံ၊ ထိတဲ့အာရုံတွေမှာ တစ်ပြေးတည်း စိတ်ထားနိုင်ရမယ်။

သားလေးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က လိမ္မာတယ်၊ တစ်ယောက်က ဆိုးတယ်။ သဘောတူတူ ထားနိုင်မလား၊ (မထားနိုင်ပါဘုရား)။ လိမ္မာတယ်၊ မလိမ္မာဘူးဆိုတာကတော့ သိရမှာပါပဲ၊ ဒါပေမဲ့ အတူတူ မထားနိုင်သေးလို့ ရှိရင် ကြိုးတန်းလမ်းလျှောက်ရင်း စောက်ထိုးမိုး မျှော်ကျမှာပဲ။ သမီးနှစ်ယောက်ရှိတယ်၊ တစ်

www.burmeseclassic.com

www.burmeseclassic.com


ယောက်က လိမ္မာတယ်၊ တစ်ယောက်ကဆိုးတယ်။ သမီးချင်း အတူတူပဲဆိုတဲ့ စိတ်မျိုး မထားနိုင်ရင် ကြိုးတန်းလျှောက်ရင် စောက်ထိုးမိုးမျှော်ကျတော့တာပါပဲ။ လမ်းလျှောက်တတ်ရင်း၊ မယိမ်းမယိုင် မထိန်းနိုင်ရင် စောက်ထိုးမိုးမျှော်ကျတော့တာပါပဲ။

အို-သူတော်ကောင်းတို့ ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ။ မိမိတို့စိတ်လေးဟာ ဘယ်လောက် အားကောင်းသလဲလို့ မိမိစိတ်မှာ သတိ၊ ဝီရိယ၊ ဉာဏ်ရှိခဲ့ရင် တကယ့်အစစ် သတိ၊ ဝီရိယ၊ ဉာဏ် ရှိခဲ့သော် ကြုံသမျှ အာရုံကို သဘောပေါက် နားလည်တတ်ကြပါတယ်။ တစ်နည်းပြောလို့ ရှိရင် အာရုံက စိတ်ကို ဖျက်ဆီးတာ ဟုတ်၊ မဟုတ် ဆိုတာကို သိနားလည်လာပါလိမ့်မယ်၊ အာရုံနဲ့ ကိလေသာ ဘယ်သူက ဖျက်ဆီးတာလဲ၊ (ကိလေသာက ဖျက်ဆီးတာပါဘုရား)။ ဒီလို ထပ်ပြောကြည့်မှ ပိုပြီးနားလည်မှာပါ။

ဆိုပါစို့၊ မြင်မြင်သမျှတွေကို လိုချင်စရာလို့ သဘောပေါက်နေတဲ့ လူတွေ၊ လိုချင်စရာလို့

www.burmeseclassic.com

www.burmeseclassic.com


မြင်နေသူတွေ သူတို့ရဲ့စိတ်ထဲမှာ ဘာရှိနေမလဲ၊ လိုချင်တဲ့ လောဘကလေးပဲ ရှိနေပါတယ်။ လိုချင်တဲ့စိတ်ရှိနေသူအတွက် ဘာမြင်မြင် လိုချင်စရာတွေချည်းပဲ ဖြစ်နေကြတာပါပဲ။ သဘောမကျတတ်တဲ့ စိတ်သဘောလေးရှိသူအတွက် မြင်မြင်သမျှဟာ သဘောမကျစရာဘဲ။ မြင်မြင်သမျှတွေဟာ ဒေါသဖြစ်စရာကြီးပါ၊ သဘောပေါက်တယ်နော်။ (သဘောပေါက်ပါတယ်ဘုရား)။

ဒါဖြင့် တရားအလုပ်အားထုတ်တဲ့သူတွေမှာ ဘာလေးမြင်လိုက်မြင်လိုက်၊ ဘာလေးတွေ့လိုက်တွေ့လိုက်၊ ဘာလေး ကြားလိုက် ကြားလိုက် သဘောကျစရာလို့ ဖြစ်လိုက်ရင် ကိုယ့်စိတ်ထဲမှာ ဘာဓာတ်တွေ ဝင်နေသလဲ၊ ဘာဖြစ်ဖြစ် လိုချင်တဲ့ဓာတ် လောဘဝင်နေတယ်။ ဒါမှမဟုတ် သဘောမကျစရာလို့ မြင်လိုက်ရင် ဘာမဆို မကျေနပ်တတ်တဲ့ ဒေါသဓာတ် ဝင်နေတယ်။

အဲဒါ သိဖို့ အရေးကြီးတယ်၊ မြင်မြင်သမျှ ကြားကြားသမျှ၊ နံနံသမျှ၊ စားစားသမျှ၊ ထိထိသမျှ၊

www.burmeseclassic.com

www.burmeseclassic.com


ဘယ်အာရုံနဲ့ ကိုယ့်စိတ်ကလေးဆုံဆုံ ဟောဒီအာရုံကလေးဟာ ကောင်းပါတယ်။ ကြိုက်စရာလေးလို့ပြောရင် ကိုယ်ကကြိုက်တာလား၊ ကိုယ့်လောဘက ကြိုက်တာလား၊ (လောဘပါဘုရား)။ အေး- ကိုယ်မှာ လောဘရှိလို့ကို ကြိုက်နေတာနော်။

ဟောဒီအာရုံလေးဟာ သဘော မကျစရာ ပါပဲလို့ သိလိုက် ဖြစ်လိုက်လို့ရှိရင် အာရုံကသဘောမကျ စရာလား၊ ကိုယ့်စိတ်ထဲမှာ သဘောမကျတဲ့ ဓာတ်တွေ ဝင်နေတာလား။ (သဘောမကျတဲ့ ဒေါသဓာတ်ဝင်နေတာပါဘုရား)၊ ပြန်ကြည့် ပါနော်၊ အာရုံကို တွေ့လိုက်တဲ့အခါမှာ ဘာမှန်းညာမှန်း မသိပါဘူး ဆိုရင် အာရုံက ဘာမှန်းညာမှန်း မသိစရာလား။ ကိုယ့်စိတ်မှာ ဘာမှန်းညာမှန်း မသိတဲ့ မောဟ ဝင်နေတာလား၊ (မောဟဝင်နေတာပါဘုရား)၊ ပြန်ကြည့်၊ သေသေချာချာပြန်ကြည့်ပါ။

အေး . . . အဲဒါလေးလောက်သာ သတိထားစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com


ဝိပဿနာသတိ၊ ဝိပဿနာဉာဏ်တွေ ဖြစ်လာနိုင်ပါတယ်၊ ဝိပဿနာ အလုပ်အားထုတ်နေတယ်ဆိုတာ ဖြစ်လာနိုင်ပါတယ်၊ ဦးပဥ္စင်းတို့မော်ဘီ၊ ဓမ္မဒူတတရားစခန်းမှာ အမေး၊ အဖြေချိန်ဆိုတာ ရှိပါတယ်၊ မေးချင်တာမေး ဆိုပြီးတော့တစ်နာရီ ဖြေချိန်ပေးပါတယ်။ အဲဒီ အမေးအဖြေချိန်မှာ တစ်ယောက်က ဘာမေးသလဲ ဆိုတော့'ယောဂီအသစ် စအားထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက်ဘယ်နေရာမှာ ဘယ်နည်းနဲ့ ဘာကို မှတ်ရမလဲ' လို့ မေးပါတယ်။ ဒို့ကတော့ ဘယ်နေရာမှာဘယ်နည်းနဲ့ ဘာကို မှတ်ရမယ်လို့ ဘယ်တော့မှမပြောလိုပါဘူး၊ ဖြေလိုက်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ တစ်ဝါကျ၊ တစ်ဂါထာ၊ တစ်ပုဒ်၊ တစ်ဝတ္ထု၊ တစ်သုတ္တန်ကိုပဲ တရားအားထုတ်နည်း နည်းအမျိုးမျိုးနဲ့ ဟောခဲ့ပါတယ်။ တစ်ပုဒ် တစ်ဂါထာကိုသဘောပေါက် နားလည်သွားလို့ တရားထူးရသွားကြတာတွေက မရေမတွက်နိုင်အောင်ပါပဲ

www.burmeseclassic.com


ဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ တစ်မျိုးထဲ၊ တစ်နည်းထဲ ဟောလေ့မရှိပါဘူး၊ ဝေနေယျဗျွာသယ၊ တရားနာသူရဲ့ စိတ်အလိုပေါ် မူတည်ပြီး ဟောတော်မူပေးတာပါ။ မိမိတို့က ဘုရားရှင်ရဲ့ဉာဏ်မျိုး မပြောနဲ့၊ သာမန်ဉာဏ်တောင်မှ မပြည့်စုံသေးပါဘူး။ ဒီတော့ ကိုယ့်စိတ်အထင်နဲ့ သင့်တော်သလိုကို ဒီကမှန်းပြီး ပြောပေးရတာပါပဲ၊ ဒါကြောင့်လဲ အစုံဟောပေးနေရတာပါ။

ဒီကနေ့ ဟောတဲ့တရားနဲ့ ပြောရရင် တကယ် နိဗ္ဗာန်ရောက်ချင်လို့ရှိရင်၊ တကယ် အရိယာဖြစ်ချင်လို့ရှိရင် ဘယ်အာရုံပဲ မြင်မြင်၊ ကြိုက်စရာလို့ မြင်ရမှာလား၊ တကယ်အစစ် အာရုံလို့ပဲ သိရမှာလား။ (အာရုံကိုပဲ သိရမှာပါဘုရား)၊ ဘယ်အာရုံပဲ မြင်မြင်၊ မကြိုက်စရာလို့မြင်ရမှာလား၊ အာရုံလို့ပဲ သိရမှာလား၊ (အာရုံလို့ပဲ သိရမှာပါဘုရား)။

အို. . သူတော်ကောင်းတို့၊ အဲဒါဟာ ကျင့်စရာပါ၊ ကျင့်နည်းပါ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တော်တိုင် မိန့်တဲ့စကားပါ၊ ကိုယ်ကိုယ်တိုင်လဲ သတိဉာဏ်ရှိခဲ့ရင် သဘောပေါက်နိုင်ပါတယ်။

လောဘရှိနေတဲ့ ပုဂ္ဂိုလ်က မြင်မြင်သမျှ လောဘဖြစ်စရာ၊ ဒေါသရှိနေတဲ့ပုဂ္ဂိုလ်က မြင်မြင်သမျှ ဒေါသဖြစ်စရာ၊ မောဟရှိနေတဲ့ ပုဂ္ဂိုလ်က မြင်မြင်သမျှ မောဟဖြစ်စရာ၊ အဲဒီတော့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်စမ်းပါ၊ မြင်မြင်သမျှ လောဘဖြစ်နေရင် ကိုယ့်မှာ လောဘအားကောင်းနေတယ်လို့၊ မြင်မြင်သမျှ ဒေါသဖြစ်နေရင် ကိုယ့်မှာ ဒေါသအားကောင်းနေတယ်လို့၊ မြင်မြင်သမျှ မောဟဖြစ်နေရင် ကိုယ့်မှာ မောဟအားကောင်းနေတယ်’လို့ သိလိုက်စမ်းပါ။

ဒီလို မေးကြည့်ပါ အုံးမယ်။

ဒီတရားနာပရိသတ်တွေက နိဗ္ဗာန်လိုလားတဲ့ သူတော်ကောင်းတွေ ဆိုတော့ မေးရမှာ အားနာပါတယ်။ မိမိတို့က လောဘဖြစ်တာ များလား၊ ဒေါသဖြစ်တာ များလား၊ မောဟဖြစ်တာ များလား၊ ဒီလိုမှ မဟုတ်ရင် မြင်မြင်သမျှတွေကို

www.burmeseclassic.com

www.burmeseclassic.com


ကြိုက်တာ များလား၊ မကြိုက်တာ များလား၊ (ကြိုက်တာ များပါတယ်ဘုရား)၊ ဘယ်လို ဖြစ်တာ များတယ်၊ (ကြိုက်တာပဲ များပါတယ်ဘုရား)၊ အဲဒါ ဆိုရင် လောဘများတယ် ခေါ်တာပေါ့။

အေး. . ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့တစ်တွေကို စျေးထဲ ခေါ်သွားချင်တယ်။ အထည်ဆိုင်တွေ၊ ဘာတွေ အို . . . ဘာလဲ၊ စတိုးဆိုင်တွေ၊ ပလာဇာတွေ၊ ပစ္စည်းစုံရောင်းတဲ့ဆီတွေကို ခေါ်သွားချင်တာပေါ့။ အဲဒီတော့မှ ကိုယ့်စိတ်ထဲမှာ ဘာတွေ သောင်းကျန်းသလဲဆိုတာ အဲဒီကျမှ ပိုပြီးသိမယ်၊ သိသာမယ်'ပေါ့။

အို. . သူတော်ကောင်းတို့ အရိယာ ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက လမ်းလျှောက်တတ်ကြလေကုန်၏။ ဘယ်လိုလျှောက်လဲ၊ အာရုံဟာ အာရုံပဲ။ ဘာမှ မထူးတော့၊ ဟောဒီ အာရုံဟာ ကြိုက်စရာပဲလို့ မစွဲတော့၊ ဘာမှမဖြစ်တော့ ကြိုက်တတ်တဲ့ လောဘမရှိတော့၊ ဟောဒီအာရုံက ကြိုက်စရာ မဟုတ်ဘူးလို့ မရှိတော့၊ မကြိုက်တာလဲ မဟုတ်တော့ ဘာလို့ မကြိုက်တာ မဖြစ်လဲ၊ မကြိုက်

www.burmeseclassic.com

www.burmeseclassic.com


တတ်တဲ့ ဒေါသမရှိလို့၊ ဘာရယ် ညာရယ်လို့ မသိတတ်တဲ့ မသိစေနိုင်တဲ့ မောဟမရှိလို့ ဘာမှန်း ညာမှန်း မသိတာမျိုး မရှိတော့၊ သေသေချာချာ သိတတ်ကြလေကုန်၏။

တကယ်တရားအားထုတ်လို့ရှိရင် ဘာလေး စားစား၊ ဘာလေးတွေးတွေး၊ ကြည့်၊ ကြိုက်စရာ၊ မကြိုက်စရာ၊ ဘာမှန်းမသိတာမျိုး မဖြစ်တော့၊ ဘာလို့လဲ ဆိုရင် လောဘ ဒေါသ မောဟတွေ ခဏ မရှိတော့၊ စိတ်မှာ သတိ ဉာဏ် ဝီရိယတွေပဲ ရှိနေတော့တာကိုး။ ဒီလို ဆိုရင် မေးကြည့်ပါ အုံးမယ်။

ငပိရည်နဲ့ တို့စရာပဲ ပြောကြပါစို့၊ ငပိရည် ဖျော်တဲ့ အခါမှာ ငရုပ်သီးပါတာနဲ့ မပါတာနဲ့ ဘယ်ဟာ ကြိုက်လဲ၊ (ငရုတ်သီးပါတာ ကြိုက် ပါတယ်ဘုရား) အဲဒါ ပုထုဇဉ်ရဲ့ လောဘပေါ့၊ ဟင်. . ငရုပ်သီးမပါရင် မကြိုက်ဘူး၊ အဲဒါ ဒေါသပေါ့၊ အဲဒါ ပုထုဇဉ်အစစ်ပဲ။

အရိယာ ဆိုရင်တော့ ငရုပ်သီးပါပါ၊ မပါပါ စားစရာမို့လို့ ဘာလုပ်မှာလဲ၊ (စားမှာပါပဲဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


အရိယာပုဂ္ဂိုလ်ကိုး။ အဲဒီလိုပဲ ဆီပါပါ မပါပါ ဟင်းဆိုရင် အရိယာပုဂ္ဂိုလ်တွေကတော့ ကိုယ်နဲ့တဲ့တယ်၊ သင့်တော်တယ်ဆိုရင် အာဟာရဖြစ်ဖို့အတွက်ပဲ ကြည့်တော့တယ်၊ သိတော့တယ်။ စားစရာဆိုရင် စားမှာပဲ။

အို. . သူတော်ကောင်းတို့ ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ။ အရိယာပုဂ္ဂိုလ်တွေက စားစရာကို ဘာလို့သိပြီးတော့ စားသလဲ၊ အာဟာရဖြစ်မဲ့ သပ္ပါယဖြစ်တာကိုပဲ စားစရာလို့ သိပြီးတော့ စားတယ်၊ သဘောပေါက်လား၊ မသိဘူး၊ (သဘောပေါက်ပါတယ်ဘုရား)။ အရိယာပုဂ္ဂိုလ်တွေက စားစရာကို စားစရာ သဘောတွေကို သိပြီးတော့ စားတာ။

ယောဂီတွေ မနက်က ဘာစားလဲဆိုတော့ မုန့်ဟင်းခါးတဲ့၊ ကဲ. . ဒီလူတွေလည်း မုန့်ဟင်းခါး စားဖူးပါတယ်။ မုန့်ဟင်းခါးစားတော့ မုန့်ဟင်းခါး ဆိုပြီးတော့ စားတာလား၊ စားစရာ ဆိုပြီး စားတာလား။ (မုန့်ဟင်းခါးဆိုပြီးတော့ စားတာပါဘုရား)။ အဲဒါ ပုထုဇဉ်တွေရဲ့ သဘာဝပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com


စားစရာဆိုပြီး စားတာဆိုရင် အရိယာတွေ စားသလို စားတာလို့ ပြောလို့ရတယ်။ အသိဉာဏ်နဲ့ သတိရှိတဲ့ လူတွေ စားတာလို့လဲ ပြောလို့ရတယ်။

တရားအားထုတ်နေတဲ့သူဆိုရင် စားစရာမို့ စားတာပေါ့။ သဘောပေါက်လားမသိဘူး၊ ဘယ်လောက် ကွာသွားသလဲ၊ စားစရာမို့လို့ စားတာဆိုရင်ပဲ ပုထုဇဉ်ဖြစ်ပေမယ့် ဂျီးမများတော့ဘူး၊ ဒီလိုမှ မဟုတ်ရင် အစားအစာမှာ ဂျီးများနေတာတွေ တစ်ပုံကြီးပါပဲ။ တစ်ချို့အိမ်တွေမှာ စားရင်း၊ သောက်ရင်းနဲ့ကို ပြဿနာဖြစ်ကြတာ တစ်ပုံကြီး၊ ဇနီးမောင်နှံကွဲပြဲပြီး မိသားစု ပြဿနာဖြစ်ကြတာ တစ်ပုံကြီး၊ တချို့က ခင်ပွန်းယောကျ်ားက ငရုပ်သီး ကြိုက်တယ်၊ ဇနီးမယားက ငရုပ်သီး မကြိုက်ဘူး၊ ပြဿနာတက်ရော၊ ကြိုက်တာ, မကြိုက်တာတွေကို ဦးစားပေးပြီး ရွေးချယ်စားသောက်နေတာက ပုထုဇဉ်တွေရဲ့ သတ္တိတွေပါပဲ။

တကယ်တမ်းကြတော့ အရိယာဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာ စိတ်ဓာတ်တွေက စားစရာ

www.burmeseclassic.com

www.burmeseclassic.com


တွေကို စားရင် ဘာလို့ သိတာလဲ၊ စားစရာမို့လို့ သိပြီး တည့်တာကို စားတာပေါ့။ မုန့်ဟင်းခါးမို့ စားတာ မဟုတ်ဘူး၊ မုန့်တီလက်သုပ်မို့ စားတာ မဟုတ်ဘူး၊ ကြက်သား၊ ဝက်သားမို့လို့ စားတာ မဟုတ်တော့ဘူး၊ စားစရာမို့လို့ တည့်တာကိုပဲ စားတယ်။ တရာအားထုတ် အသိတွေတိုး၊ ပါရမီ ဖြည့်နိုင်အောင်ပဲ စားကြတော့တယ်။

ဒီလူတွေ မေးကြည့်ပါဦးမယ်။ ဒီလူတွေ ဒီလောက်ဉာဏ်ကောင်းတာပဲ။ စားစရာကို ဘာလို့ စားတယ်၊ စားစရာမို့လို့ စားတယ်။ ဝတ်စရာကို ဘာလို့ဝတ်တယ်၊ (ဝတ်စရာမို့လို ဝတ်တယ်)၊ အဲဒါ ကြောင့် ပြောတာပေါ့၊ ဒီလူတွေဉာဏ်ကောင်းပါ တယ် ဆိုတာ၊ ဟုတ်လား၊

ယထာဘူတဉာဏ်-ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်ကို ခေါ်တယ်။ ယထာဘူတဉာဏ်ကို ကြည့် လိုက်စမ်းပါ။

ယထာဘူတဉာဏ်ဆိုတာ အမှန်ကို အမှန် တိုင်းသိတဲ့ဉာဏ်ကို ပြောတာ။ အမှန်အတိုင်းသိတဲ့

www.burmeseclassic.com

www.burmeseclassic.com


ညဏ်ရှိရင် ဘယ်လောက်များ ကျေးဇူးများသလဲ ဆိုရင် စားစရာမို့လို့ စားတယ်။ စားစရာ ဂျီးမများ တော့ဘူး။ လောဘ ဒေါသ မောဟတွေ စိတ်မှာ မဝင်တော့ဘူး။ ဝတ်စရာမို့လို့ ဝတ်တယ်။ ဒီလူတွေဝတ်စရာဂျီးမများတော့ဘူးလောဘဒေါသ မောဟတွေ စိတ်ကို မနှောင့်ယှက်ကြတော့ဘူး။ ဒီလူတွေ ဒီလာတော့ အဝတ်တွေ ဘာတွေ မလဲခဲ့ ဘူးလား၊ လဲခဲ့လား၊ (လဲခဲ့ပါတယ်ဘုရား)၊

ဟုတ်ပါတယ်၊ သူတို့က အညိုလေးရှာရတာ နဲ့ အဖြူလေး ရှာရတာနဲ့ဟုတ်လား။ အဲဒီအချိန် လောဘ ဒေါသ မောဟတွေ ဝင်နေတတ်တယ်။ သဘောပေါက်ကြရမှာက စားစရာမို့လို့ စား တယ်ပေ့ါ။ ဝတ်စရာမို့လို့ ဝတ်တယ်ပေ့ါ။ အဆင် ပြေသလို၊ သင့်ရာ သင့်ရာ စားတတ်ဖို့၊ သင့်သလို လေး ဝတ်တတ်နေတတ်ဖို့ အရေးကြီးတာပါပဲ။

အခု အဲဒီအသိစိတ်ရှိပြီးတော့ စားတာ လား၊ စဉ်းစားနော်၊ မဟုတ်သေးရင် မကောင်း ဘူးနော်။ အဲဒီ အသိစိတ်ရှိပြီးတော့ ဝတ်တာလား၊ ဟုတ်ပါတယ် ဆိုတဲ့သူ အလွန့်အလွန် ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒုဂ္ဂမေ ဝိသမေ ဝါပိ၊
အရိယာ ဂစ္ဆန္တိ ကာမဒ။
အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။
အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

တရားအလုပ်အားမထုတ်တဲ့၊ ပေါ့ပေါ့တန်တန်နေကြတဲ့ ပုဂ္ဂိုလ်များကြတော့ စားစရာမို့လို့ စားတယ်ဆိုတဲ့ အသိကို မရောက်၊ ဟိုဟာမို့လို့ စားတယ်၊ ဒီဟာမို့လို့ စားတယ်၊ စားချင်လို့ကို စာတယ်၊ ဒါနဲ့ပဲ ပြီးနေတာပါ။ စားတာနဲ့ ပတ်သက်ပြီး **သတိ အသိကို** မရောက်ကြဘူး၊ ဟိုဟာမို့လို့ ကြိုက်တယ်၊ ဒီဟာမို့လို့ မကြိုက်၊ အဲဒီတော့ ဟိုဟာတော့ စားချင်တယ်၊ ဒီဟာတော့ မစားချင်ဘူး၊ ဖြစ်ကုန်ရော။ အဲဒါ ဦးခေါင်းက အောက်စိုက်၊ ခြေထောက်က မိုးထောင် စောက်ထိုးမိုးမျှော်ကျတယ်လို့ ခေါ်တယ်။ သဘောပေါက်လား မသိဘူး၊ (ပေါက်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com


တရားအားထုတ်တယ်ဆိုတာ ဘယ်လို အားထုတ်ရမလဲ၊ အစားအသောက် စားတယ်ဆိုရင်လဲ သင့်တော်ရာကို စားစရာမို့လို့ စားတယ်ပေါ့။ အဝတ်အထည် ဝတ်တယ်ဆိုရင်လဲ သင့်တော်တဲ့ ဝတ်စရာမို့လို့ ဝတ်တယ်ပေါ့။ ဒီသဘောလေး လောက်ကိုသာ ပိုင်ပိုင်နားလည်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့၊ ဒီလိုမသိလို့ အစားအသောက် အဝတ်အထည်နဲ့ ပတ်သက်ပြီး ကိလေသာတွေ သောင်းကျန်းတာ တစ်ပုံကြီး။

အဲဒီလိုပဲ ကိုယ်ဝတ်ချင်တာတွေ မဝတ်ရလို့ကို သောင်းကျန်တာတွေ တစ်ပုံကြီး။ နောက်တစ်ခါ မေးလိုက်ပါဦးမယ်၊ စားစရာကို ဘာလို့ စားလဲ၊ (စားစရာမို့လို့ပါဘုရား)။ ဝတ်စရာကို ဘာလို့ ဝတ်လဲ၊ (ဝတ်စရာမို့လိုပါဘုရား)။ နေစရာကို ဘာလို့ နေလဲ၊ (နေစရာမို့လို့ပါဘုရား)။ ဒီအဖြေအတိုင်းသာ သဘောပေါက်ရင် ရှင်းနေတာပဲ။ စားစရာကို ဝတ်လို့မရ၊ စားစရာကို နေလို့မရ၊ နေစရာကို ဝတ်လို့မရ၊ နေစရာကို စားလို့မရ၊ ဝတ်စရာကို စားလို့မရ၊ ဝတ်စရာကို

www.burmeseclassic.com

www.burmeseclassic.com


နေလို့မရ။ အမှန်အတိုင်း သိတတ်တဲ့ အသိဉာဏ် ဆိုတာ ထိုက်သင့်သလောက်တော့ ဖြစ်လာတာ ပါပဲ။

အို. . . သူတော်ကောင်းတို့ စားစရာမို့လို့ စားတယ်၊ ဝတ်စရာမို့ ဝတ်တယ်၊ နေစရာမို့ နေတယ်၊ အနေအထိုင်နဲ့လည်း ဂျီးများစရာမလို၊ ဘယ်အိမ်နဲ့မှ နေမယ်။ ဘယ်တိုက်နဲ့မှ နေမယ်။ ဂျီးများစရာ မလိုဘူးတဲ့။ ဝတ်စရာဆိုရင်လည်း ဟိုဟာမှ ဝတ်မယ်၊ ဒီဟာမှ ဝတ်မယ်၊ ဂျီးများစရာ မလိုဘူးတဲ့။ ဟိုအစ ဒီအစ ဂျီးများစရာ မလို။

ဝတ်စရာဆိုတာ အရှက်အကြောက်လုံရုံ၊ နေစရာဆိုတာ နားနေခိုနားစရာ သင့်တော်ရုံ၊ အဲဒီလောက် သိတယ်ဆိုရင် ဘယ်လိုပဲ ကြုံကြုံ မနေတတ်ဘူးလား၊ နေတတ်သလား၊ (နေတတ်ပါ တယ်ဘုရား)။ ဘယ်အိမ်နဲ့မှ နေမယ်၊ ဘယ်တိုက် နဲ့မှ နေမယ်၊ ဂျီးများစရာ မလိုဘူးတဲ့။

ပြီးတော့ လည်း ဟိုဟာမှ ဝတ်မယ်။ ဒီဟာမှ ဝတ်မယ်။ ဟိုအဆင် ဒီအဆင် ဟိုအစ ဒီအစ

www.burmeseclassic.com

www.burmeseclassic.com


ဂျီးများစရာ မလိုဘူးတဲ့၊ ဝတ်စရာ အဝတ်အထည် ဆိုတာ အရှက်အကြောက်လုံရုံ, ရာသီဥတုမျှတ ရုံပါပဲ၊ နေစရာဟာလဲ သင့်တော်ရုံ၊ ဘယ်လိုပဲ ကြုံကြုံ၊ မနေတတ်ဘူးလား၊ နေတတ်လား၊ (နေ တတ်ပါတယ်ဘုရား)။

အဲဒါ ဘယ်သူတွေလည်း ဆိုတော့ အရိယာ ဖြစ်ပြီးတဲ့သူတွေ၊ အရိယာ ဖြစ်ချင်တဲ့သူတွေပေါ့။ အရိယာတွေက ဘယ်လိုပဲ နေနေ၊ နေတတ်တာ ပေါ့၊ အပြီးနေတတ်တာပေါ့။ ဘယ်လိုပဲ စားစား၊ စားတတ်တာပေါ့၊ ဘယ်လိုပဲ ဝတ်ဝတ်၊ ဝတ်တာ တာပေါ့။ ဒါကို ဝတ်တတ် နေတတ်တယ် ခေါ်တာ ပေါ့။

ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တွေ အနေနဲ့က တော့၊ တရားအလုပ် အားထုတ်နေတဲ့ သူတွေက ရော အဲဒီလောက်ကလေးတော့ မဖြစ်ဘူးလား၊ ဖြစ်သလား၊ (ဖြစ်ပါတယ်ဘုရား)။

အခု တချို့ ပုဂ္ဂိုလ်တွေက တရားတော်တွေ အားထုတ်ခဲ့ပေမဲ့ အစားဂျီးများနေတဲ့သူတွေ ဆိုတာ အများကြီး တွေ့ရသေးတယ်။ တရား

www.burmeseclassic.com

www.burmeseclassic.com


တော်ကို အားထုတ်ပြီးတော့ အဝတ်ဂျီးများသူတွေ တစ်ပုံကြီးပဲ ရှိနေသေးတယ်။ တရားအားထုတ်ပြီးတော့ အနေဂျီးများသူတွေ တစ်ပုံကြီး ပေါနေသေးတယ်။ ဘာဖြစ်လို့လဲ ဆိုရင် အမှန်အတိုင်း မြင်တတ်တဲ့ ယထာဘူတဉာဏ်ကလေးတောင် မရကြသေးလို့။

အရိယာ-အရိယာတို့သည်၊ ဂစ္ဆန္တိ-သွားတတ်ကြလေကုန်၏။ ကောင်းတဲ့အာရုံ၊ မကောင်းတဲ့အာရုံတွေကို သတ်မှတ်ချက်နဲ့ ဘယ်လိုပဲ ခွဲခွဲ၊ အရိယာပုဂ္ဂိုလ်တွေဟာ သိတော့လဲ သိကြတယ်၊ သိပါလျက် အစွဲနဲ့ မခွဲ ခြားကြတော့ဘူး။

အနရိယာ ဝိသမေ မဂ္ဂေ၊
ပပတန္တိ အဝံသိရာ။

အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေကြတော့ ဘယ်အာရုံနဲ့ပဲ ဆုံဆုံ၊ ကောင်း, မကောင်းခွဲပြီး ကြိုက်, မကြိုက် ပေါ်ပြီး၊ မထိန်းနိုင် မသိမ်းနိုင် စောက်ထိုး မိုးမျှော်ကျကြလေကုန်၏။ အဲဒီလို မကျအောင်၊ အဲဒီလို စောက်ထိုး မိုးမျှော်မကျအောင်

www.burmeseclassic.com

www.burmeseclassic.com


လောကသံသရာ ကြိုးတန်းပေါ်မှာ လမ်းလျှောက်တတ်ဖို့ အရေးကြီးပါတယ်။

အရိယာနံ သမော မဂ္ဂေါ၊
အရိယာ ဟိ ဝိသမေ သမာ။

အရိယာနံ-အရိယာပုဂ္ဂိုလ်တို့ရဲ့၊ မဂ္ဂေါ-ကျင့်တဲ့ အကျင့်သည်၊ သမော=ညီ၏။

အရိယာတွေ ကျင့်တဲ့ အကျင့်ဟာ မဂ်အကျင့်ပေါ့၊ မဂ္ဂသစ္စာပေါ့။ အရိယာတွေ သွားတဲ့လမ်းဟာ ဘယ်လောက်ပဲ လောကအနေနဲ့ မညီမညီ၊ သွားတတ်တဲ့ အရိယာပုဂ္ဂိုလ်တွေ အတွက်ကတော့ ညီနေပါတယ်။ သူတို့အကျင့်ကလည်း ညီပါတယ်။ စိတ်တွေကလဲ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ညီနေတာပါပဲ။ ဘယ်လို ညီပါသလဲ ဆိုလို့ရှိရင် စားစရာ အားလုံးဟာလည်း အတူတူပဲ။ ဝတ်စရာ အားလုံးဟာလည်း အတူတူပဲ။ နေစရာ အားလုံးဟာလည်း အတူတူပဲ။

ရဟန္တာ အရှင်မြတ်တွေ ဆိုရင် ကျောင်းတိုက်ကြီးဟီးနေအောင် နေရလဲ ဒီနေတဲ့စိတ်ဟာ

www.burmeseclassic.com

www.burmeseclassic.com


အတူတူပဲ။ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ ထိုင်နေရလဲ ဒီနေတဲ့စိတ်ဟာ အတူတူပါပဲတဲ့။ မိမိတို့တစ်တွေ အဲဒီလိုစိတ်မျိုး မဖြစ်ချင်ဘူးလား၊ (ဖြစ်ချင်ပါတယ်ဘုရား)၊ အဲဒီလို စိတ်ကလေးဖြစ်ချင်တယ် ဆိုရင် အရိယာပုဂ္ဂိုလ်တွေလို ကျင့်ပေါ့၊ အားထုတ်ပေါ့။ ဘယ်လို အားထုတ်ရမလဲ ဆိုရင် မိမိတို့စိတ်ကလေးကိုလဲ သတိဉာဏ်ရှိအောင် ပြင်ပေးပေါ့၊ ကျင့်ပေးပေါ့။

ဘယ်လိုကျင့်ရမှာလဲဆိုရင် မကောင်းတဲ့ အာရုံနဲ့ဆုံလည်း စိတ်ပျက်ပြီး သဘောမကျမဖြစ်ပဲနေ၊ စိတ်အပင်ပန်းမခံပါနဲ့၊ ကောင်းတဲ့ အာရုံနဲ့ ဆုံလည်း နှစ်သက်ပြီး သဘောကျ၊ စိတ်အရသာတွေ့ပြီးတော့လဲ စိတ်အပင်ပန်းမခံပါနဲ့။ အေးအေးဆေးဆေး စိတ်ချမ်းသာအောင် နေလိုက်စမ်းပါ။ ဘယ်လို နေရမလဲဆိုရင်၊ သမထနည်းအနေနဲ့ နေလိုတဲ့ ပုဂ္ဂိုလ်တွေက အာရုံမကောင်းဆုံရင် အာရုံကောင်းအောင် ပြောင်းပြီး နေတတ်အောင်

www.burmeseclassic.com

www.burmeseclassic.com


နေကြပါတယ်၊ စိတ်ချမ်းသာအောင် နေကြပါတယ်။

ဝိပဿနာနည်းအနေနဲ့ နေလိုတဲ့ ပုဂ္ဂိုလ်တွေက အာရုံကောင်းတာနဲ့ ဆုံဆုံ၊ အာရုံမကောင်းတာနဲ့ ကြုံကြုံ၊ စိတ်ကလေးကို ကိလေသာအဝင်မခံဘဲ နေကြပါတယ်၊ စိတ်ကလေးကို မပင်ပန်းအောင် ဘာနဲ့နေ၊ သတိဉာဏ်နဲ့ နေကြပါတယ်။ ဘာလို့ သတိဉာဏ်နဲ့ နေလဲ၊ စိတ်ထဲ ဝင်လာတဲ့ ကိလေသာကို အဝင်မခံတာက သတိပါပဲ၊ ဝင်လာပြန်တော့လည်း ဝင်လာတဲ့ ကိလေသာကို နိုင်တာဟာ ဉာဏ်ပဲ ရှိပါတယ်။ ကိလေသာကို နိုင်တာ ဘယ်သူ ရှိသလဲ။ သတိဉာဏ်ပဲ ရှိတယ်တဲ့။ သေချာမှတ်ထားပါနော်။

ပုထုဇဉ် သဘာဝ သတိဉာဏ်လွတ်ရင်တော့ ကိလေသာဝင်မှာပဲ။ အဲ . . . သတိဉာဏ်ရှိတယ်ဆိုတာနဲ့ ပတ်သက်ပြီး တချို့တချို့ပုဂ္ဂိုလ်တွေက မှတ်တယ် မှတ်တယ်လို့ ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဦးပဥ္စင်းတို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး မိန့်ကြားတာကို သွားသတိရတယ်။ ဆရာတော်ဘုရားကြီးက ဝိပဿနာ ရှုနည်းကျမ်း တရားစာအုပ်ထဲမှာ 'မှတ်တယ်၊ ရှုတယ်' ဆိုတာဟာ ဝိပဿနာဉာဏ်နဲ့ ရှုကြည့်နေတာကို ခေါ်တယ်တဲ့။ ဒီလိုသုံးနှုန်းထား ပါတယ်။

ဆရာတော်ဘုရားကြီး သုံးထားတဲ့သဘော၊ ဆရာတော်ဘုရားကြီးရဲ့ မှတ်တဲ့ အမှတ်တွေဟာ လဲ တခြားသာမန်လူတွေနဲ့ မတူပါဘူး၊ တခြားစီ ပါပဲ။ အခု လူတွေမှတ်တယ် ဆိုတာနဲ့က တခြားစီ ပါပဲ။ ဆရာတော်ဘုရားကြီးမိန့်တာက 'မှတ်တယ် မှတ်တယ်' ဆိုတာဟာ ဘာနဲ့ ကြည့်နေတာလဲ၊ ဝိပဿနာဉာဏ်နဲ့၊ သတိနဲ့ ကြည့်နေတာပါ။ ကိုင်း- သူလိုကိုယ်လို လူတွေမှတ်တာနဲ့ တူသေးလား၊ (မတူတော့ပါဘူးဘုရား)။

အင်း- ဒီလောက်ဆိုရင် ဒီလူတွေ'မှတ်တယ်' ဆိုတာနဲ့ ပတ်သက်ပြီး သဘောပေါက်အောင်ပြီ၊ ဒီလူတွေ ဘယ်လောက်ထိ ဝိပဿနာကို မှတ်

www.burmeseclassic.com

www.burmeseclassic.com


တယ်’ဆိုတာ သဘောပေါက်နေပြီလဲ ဆိုရင် ပြောလိုက်တာနဲ့ သဘောပေါက်သွားပြီ၊ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ ပြောလိုက်တာနဲ့တော့ သဘောပေါက်သွားပြီဆိုရင် ဒီလူတွေကို တရား ဟောရင်းနဲ့ကို သဘော ထပ်ပြီးပေါက်သွားအောင် တရားဟောရဦးမယ်။

မန္တလေးမှာ ဒါယကာကြီးတစ်ယောက်က ပြောတယ်။ အရှင်ဘုရားတဲ့၊ အရှင်ဘုရားတိတ်ခွေ တွေ နာရတာ တော်တော်သဘောပေါက်ပြီ ဘုရားတဲ့၊ ဘယ်လောက်ထိ သဘောပေါက်တာလဲ ဆိုတော့ တပည့်တော် သဘောပေါက်တာကို ဥပမာနဲ့ ပြောပါမယ်ဘုရားတဲ့။ ဘယ်လို ဥပမာနဲ့ ပြောမှာလဲ၊ ပြောစမ်းပါဦးဆိုတော့

တပည့်တော်အရင်တုန်းက တီဗွီက နေပြီး တော့၊ စလောင်းက နေပြီးတော့ တရုပ်ကားတွေကို ကြိုပြီးကြည့်ထားဘူးပါတယ်ဘုရား။ ကြည့်တော့ လေ တရုပ်ကားမှာ ရယ်တာလည်း တွေ့တာပဲ၊ ပြုံးတာလည်း တွေ့တာပဲ၊ မဲ့တာလည်း တွေ့တာ

www.burmeseclassic.com

www.burmeseclassic.com


ပဲဘုရား။ စကားပြောနေတာလည်း တွေ့တာပဲ၊ အကုန် တွေ့တယ်၊ တပည့်တော် သိနေတာပါပဲ။

အဲဒီတုန်းကတော့ဘုရား၊ ဖြစ်ပုံက အမလေး . . . ယောကျ်ားနဲ့မိန်းမနဲ့ စကားပြောနေတာလည်း တွေ့တာပဲ၊ အကုန်တွေ့တယ်၊ လင်မယား ထင်ခဲ့တာပေါ့။ တပည့်တော်က သိတယ်။ မိန်းမနှစ်ယောက် စကားပြောနေတာလဲ တွေ့တာပဲ။ အဲဒီတုန်းကတော့ ညီအစ်မနဲ့တူတယ် ထင်တာပေါ့။ အဲဒါကတော့ သားအမိနဲ့ တူတယ် ထင်တာပေါ့။ အဲဒီလောက်ပဲ ကိုယ့်အထင်နဲ့ ကိုယ်သိတာကိုး။ ကိုယ်မှ တရုပ်စကားမတတ်ဘဲ၊ အဲဒီကားပဲဘုရား။ အံ့ဩစရာကောင်းတာက ဖြစ်ရပုံ ပြောပါတယ်။ ဟော. . အဲဒီကားပဲ မြန်မာ့အသံတို့ မြဝတီတို့က ပြန် လာရော၊ အဲ. . မြန်မာလို စာတန်းလေးထိုးလိုက်တော့ ထင်ထားတာတွေ တက်တက်စင်အောင်ကို လွဲကုန်ရော။

အရင်တုန်းက ညီအစ်မ ထင်ထားတာတွေက အဲဒါ သားအမိတဲ့၊ ဟုတ်လား။ အရင်တုန်းက ပြုံးတာ မသိဘူးလား၊ သိလား၊ သိပါတယ်။ အရင်

www.burmeseclassic.com

www.burmeseclassic.com


တုန်းက ငိုတာ မသိဘူးလား၊ သိလား၊ သိပါတယ်။ အရင်တုန်းက ပြေးတယ်ဆိုတာ မသိဘူးလား၊ သိလား၊ သိပါတယ်။ အရင်တုန်းက လက်မလှုပ်ဘူး၊ လှုပ်တယ်ဆိုတာ မသိဘူးလား၊ သိလား။ သိပါတယ်။

အဲဒီလို အမြင်အနေနဲ့သာ သိပါတယ်၊ ရုပ်ပုံအနေနဲ့ မြင်ရုံသာ သိပါတယ်။ ဒါပေမယ့် သဘောမပေါက်၊ နားမလည်။ ဘာလေးထိုးလိုက်မှ သဘောပေါက်လဲဆိုတော့ စာတန်းလေးထိုးလိုက်မှ သဘောပေါက်ပါတယ်။ မြန်မာတွေအတွက် မြန်မာစာတမ်းထိုးမှ သဘောပေါက်ပါတယ်။

အခု ဦးပဥ္စင်းတို့ တရားဟောပေးတယ်ဆိုတာ ဘာထိုးပေးတာလဲ (စာတမ်းထိုးပေးတာပါဘုရား)။ အင်း. . . ဟုတ်တယ်၊ အခုလဲပဲ ကြည့်၊ တရုပ်ကားပြနေပြီ၊ တရုပ်စာတန်းလဲထိုးလို့ နားလည်လား၊ (နားမလည်ပါဘုရား)၊ ဗမာတွေအတွက် နားလည်ဖို့ ဗမာစာတန်းထိုးမှ နားလည်နိုင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


အို-သူတော်ကောင်းတို့၊ ပြုံးတာတွေကို မြင်ကြပါတယ်၊ ဒါပေမဲ့ မြင်တာမျှလောက်နဲ့တော့ သဘောမပေါက်သေး၊ နားမလည်သေး၊ ဘာလုပ် ရမှာလဲ၊ စာတမ်းထိုးမှ သဘောပေါက်နိုက်တယ်၊ တရားအလုပ် အားထုတ်တယ်ဆိုတာ မြင်ရုံမှတ် နေရုံနဲ့ မပြီး၊ စာတမ်းထိုးမှာ ကိုယ်တိုင် အားထုတ် ကြည့်၊ ကိုယ်တိုင် စာတန်းနားလည်လို့လဲ သိ၊ ကိုယ်တိုင် သဘောပေါက်ပြီးတော့လဲ သိ၊ သိ စေချင်ပါတယ်။ သဘောကပ်ပေါက်နိုင်ပါတယ်၊ ဟုတ်လား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ 'မှတ်တယ် မှတ်တယ်' ဆိုတာက ဝိပဿနာဉာဏ်နဲ့ ကြည့် နေတာကို ခေါ်သတဲ့၊ အဲဒီအဆင့်အထိ ဆရာ တော်ဘုရားကြီးက ရောက်စေချင်တာပါ။ သိစေ ချင်တာပါ။ ဒီလိုအပေါ်ယံ သူလိုကိုယ်လို မှတ်နေ တာနဲ့ ကျေနပ်နေရတာမဟုတ်ပါဘူး၊ တကယ်ကို ဝိပဿနာအမြင်နဲ့ သဘောပေါက်စေချင်တာပါ၊ အရိယပုဂ္ဂိုလ်တွေဆိုတာတွေကတော့ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com


ဉာဏ်အဆင့်ကို ကျော်လွန်ပြီးတော့ သဘော ပေါက်သွားကြတော့တာပါပဲ။

ပုထုဇဉ်တွေကတော့ သဘောမပေါက်သေး၊ ဘယ်လို သဘောမပေါက်တာလဲ ဆိုရင် အောက် ထစ်ဆုံး ပြောရရင်၊ စားစရာကိုစားတဲ့အခါ ဟိုဟာ ဒီဟာမို့လို စားတယ်လို့ ထင်ကြပါတယ်၊ စား စရာက စားစရာလဲလို့ မသိ၊ သဘောမပေါက်ကြ ပါ၊ ဝတ်စရာက ဝတ်စရာပါပဲ၊ နေစရာက နေစရာ ပါပဲလို့ မသိ၊ သဘောမပေါက်ကြပါ။

အို-သူတော်ကောင်းတို့၊ စားစရာကို ဟို ဟာဒီဟာ မထင်နဲ့၊ စားစရာပါပဲ။ ဒါကြောင့် စားရတာ၊ ဝတ်စရာတွေကိုလဲ ဟိုလို ဒီလို မထင် လိုက်ပါနဲ့၊ ဝတ်စရာပါပဲ၊ ဒါကြောင့် ဝတ်ရတာ၊ နေစရာကိုလည်း မကောင်းဘူး၊ ကောင်းတယ်လို့ မထင်လိုက်ပါနဲ့၊ နေစရာ ထိုင်စရာ ဖြစ်လို့မို့ နေထိုင်ရတာပါ။ အဲဒီလောက်ကလေးကိုသာ သဘောပေါက်ရင် ကိလေသာမဝင်နိုင်၊ကိလေသာ မဝင်အောင် နေနိုင်တာဟာ သတိ ဉာဏ် ရှိနေ တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့က အာရုံကောင်းကို ပြောင်းပြီး နေနိုင်တဲ့သတိရယ်၊ ကိလေသာ မဝင်အောင် နေနိုင်တဲ့ သတိရယ်၊ ဘယ်သတိ အားကိုးမှာလဲ၊ စဉ်းစားပါ။ကိလေသာမဝင်အောင် နေနိုင်တဲ့သတိ၊ အဲဒီ သတိမျိုးထားနိုင်မှ ဉာဏ်ပေါ့၊ ဉာဏ်ပေါ်ပြီး ဝိပဿနာဖြစ်နိုင်တာပါ။

တရားဟောပေးတာ ဝိပဿနာစိတ်ဖြစ် အောင်ပါ၊ စိတ်အပင်ပန်းမခံရ၊ စိတ်ချမ်းသာ အောင်နေ၊ အဲဒီ စိတ်ချမ်းသာတော့ ဘယ်အာရုံပဲ ကြုံကြုံ၊ တုန်လှုပ်စရာ မရှိဘူးတဲ့ အရိယာ ပုဂ္ဂိုလ်တွေက အဲဒီလို နေကြတာပါ၊ မိမိတို့လဲ ကိလေသာမဝင်အောင် ကျင့်လို့ မရဘူးလား၊ ရလား။ ရတယ်၊ ဘယ်တော့ ကျင့် မလဲ။ ခု ပေါ့ပေါ့တန်တန် မလုပ်လိုက်ပါနဲ့။

မိမိအသက်နဲ့ခန္ဓာရှိတုန်း၊ သာသနာနဲ့ကြုံ တုန်း စိတ်မှာ ကိလေသာမဝင်အောင် ကျင့်လိုက် စမ်းပါ၊ မိမိစိတ်မှာ ကိလေသာ မဖြစ်အောင် နေလိုက်စမ်းပါ၊ ထိုင်ရင်းနဲ့လည်း ကိုယ့်စိတ်မှာ ကိလေသာ မဝင်အောင် ကျင့်လိုက်စမ်းပါ၊ လမ်း

www.burmeseclassic.com

www.burmeseclassic.com


လျှောက် သွားရင်းနဲ့လည်း ကိုယ့်စိတ်မှာ ကိလေသာမဝင်အောင်၊ လျှောင်းရင်းနဲ့လည်း ကိုယ့်စိတ်မှာ ကိလေသာမဝင်အောင် သတိရှိရှိ၊ ဉာဏ်ရှိရှိနေလိုက်စမ်းပါ။

အဲဒီလိုမှ သတိဉာဏ်နဲ့ ကိလေသာ မဝင်အောင် မနေသည်ရှိသော်၊ မကျင့်သည်ရှိသော် ကိုယ့်စိတ်ကလေးဟာ ကိလေသာတွေ ဝင်ပြီးတော့ စောက်ထိုး မိုးမျှော်ကျကြလေကုန်၏၊ လောဘနဲ့ လဲပဲ အောက်ကို ဆွဲချခံရပါတယ်၊ ဒေါသကြောင့်၊ မောဟကြောင့်လဲပဲ စိတ်ဟာ စောက်ထိုး ကျကြ လေကုန်၏။

ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ဘယ်အာရုံကိုပဲ ဖြစ်ဖြစ် သေသေချာချာ သဘောပေါက်ပြီး တစ်ပြေးတည်းထား၊ ပြေပြေလည်လည် စိတ်မွေးပါ၊ ဘယ်အာရုံကိုပဲ ဖြစ်ဖြစ်၊ တစ်ပြေးထည်း ထားနိုင်ပါစေ၊ ကိုယ်နဲ့တည့်တဲ့လူလည်း အာရုံပါပဲ၊ ကိုယ်နဲ့ မတည့်တဲ့ လူလည်း အာရုံပါပဲ၊ ကောင်းတဲ့သူလဲ၊ ကောင်းတဲ့အာရုံလဲ အာရုံပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com


မကောင်းတဲ့သူ၊ မကောင်းတဲ့အာရုံလည်း အာရုံ ပါပဲ။

ကိုယ့်အိမ်မှာ ပြန်ကြည့်၊ ကိုယ်စိတ်က မပြေလည်တာလား၊ မြင်ရတွေ့ရတဲ့ အာရုံတွေက မပြေလည်တာလား၊ ကိုယ့်စိတ်က မနေတတ်တာလား၊ တွေ့နေရ ကြုံနေရတဲ့ သူတွေက မနေတတ်တားလား၊ ဒီလူတွေက သဘောပေါက်လွယ်ပါတယ်၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

သူတို့စိတ်ကသာ မနေတတ်၊ မထိုင်တတ်၊ မပြေလည်တာကို သိလိုက်စမ်းပါ၊ ကိုယ့်စိတ်က မပြေလည်ရင် တစ်အိမ်လုံးနဲ့ မပြေလည်ဘူး။ ကိုယ့်စိတ်က ပြေလည်ရင် တစ်အိမ်လုံးနဲ့ ပြေလည်တယ်။ ကိုယ့်စိတ်က ကြည်နေရင် တစ်အိမ်လုံးက ကြည်နေတာပါပဲ၊ ကိုယ့်စိတ်က ရှုပ်နေရင် တစ်အိမ်လုံးကလဲ ရှုပ်နေတာပါပဲ။

ဦးပဍ္ဍင်းက စဉ်းစားကြည့်မိတယ်၊ ကိုယ်က မျက်လုံးတည့်နေလို့တော့ သေချာကိုယ်တွေ့ မသိဘူးပေါ့၊ ဒါကြောင့် မျက်လုံးစွေနေတဲ့ သူတွေကို

www.burmeseclassic.com

www.burmeseclassic.com


မေးကြည့်ချင်တယ်။ မျက်လုံးစွေတဲ့သူဟာသူကြည့်လို့ မြင်ရတဲ့အာရုံတွေဟာ တစ်စောင်းတွေများဖြစ်နေသလားပေါ့။ ဒါတော့လဲ မျက်စိစွေတဲ့သူတွေကမှ ပိုပြီး သိမှာပေါ့။

ကိုယ့်စိတ်မှာ လိုချင်တာတွေ ရှိရင် မြင်မြင်သမျှတွေက လိုချင်စရာ လောဘဖြစ်စရာတွေချည်း ဖြစ်နေရော၊ ကိုယ့်စိတ်မှာ မကျေနပ်တာတွေ ရှိရင် မြင်မြင်သမျှတွေက မကျေနပ်စရာဒေါသဖြစ်စရာတွေချည်း ဖြစ်နေရော၊ ကိုယ့်စိတ်မှာ ပြေလည်မှုမရှိရင် မြင်မြင်သမျှတွေက မပြေလည်စရာတွေချည်း ဖြစ်ပြီး၊ ဘာကမျှလဲ မပြေလည်တော့ဘူး။

ဟိုလူ့ကြည့်လည်း မပြေလည်ဘူး၊ ဒီလူ့ကြည့်လည်း မပြေလည်ဘူးတဲ့။ အဲဒီတော့ မြင်ရတဲ့ မိသားစုတွေက မပြေလည်တာလား၊ ကိုယ့်စိတ်က မပြေလည်တာလား၊ သေချာစဉ်းစားပါနော်။

တရားရချင်ရင် ဘာလုပ်ရမလဲ၊ ကိုယ့်စိတ်ကလေးကို ပြေပြေလည်လည်ဖြစ်အောင် မွေးပါ။ စိတ်ကလေး ပြေပြေလည်လည်ဖြစ်လာရင် တရား

www.burmeseclassic.com

www.burmeseclassic.com


ရလာလို့ပါပဲ။ ဒါကြောင့် တရားရအောင် နေပါ၊ သတိဉာဏ်လေးနဲ့ နေပါ၊ သတိဉာဏ်လေးနဲ့ နေရင် ကိုယ့်စိတ်လေးဟာ မပြေလည်ဘူးလား၊ ပြေလည်လား။ (ပြေလည်ပါတယ်ဘုရား)။

စိတ်ကလေးက ပြေလည်တယ် ဆိုရင် မတည့်သူ မရှိဘူး၊ မပြေလည်တဲ့လူ မရှိဘူးတဲ့။ အိမ်က လူတွေအကုန်လုံးကို ကြည့်ရတာ ပြေလည်တယ်၊ အဆင်ပြေတယ်။ ကိုယ့်စိတ်ထဲမှာ မပြေလည်ရင် ဟိုလူ့ကြည့်လည်း မပြေလည်၊ ဒီလူ့ကြည့်လည်း မပြေလည်၊ နားလည်လိုက်စမ်းပါ။

ဒါကြောင့်မို့ တရားအလုပ် အားထုတ်တယ် ဆိုတာဟာ ပြေပြေလည်လည် မြင်တဲ့ခတ်တွေ၊ အမှန်အတိုင်း မြင်တဲ့ခတ်တွေ၊ အဟုတ်အမှန်တိုင်း မြင်တဲ့ခတ်တွေ မိမိစိတ်မှာ ဖြစ်လာအောင် သတိဉာဏ်ရှိလာအောင် ကြိုးစားရတာပါတဲ့။ ပြေလည်ဖို့အတွက် ကိလေသာ အဝင်မခံတာဟာ သတိနဲ့အသိဉာဏ် အမြဲရှိတာပါ။ သတိနဲ့အသိဉာဏ် အမြဲရှိနေရင် ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်လား၊ (ဖြစ်နိုင်ပါတယ်ဘုရား)။

မိမိစိတ် သတိနဲ့ညဏ်ရှိနေရင် အာရုံကောင်းတွေကိုပဲရှာပြီးပြောင်းရဦးမလား၊(မပြောင်းရပါဘုရား)။ ပြန်မေးမယ်၊ အာရုံကောင်းကိုပြောင်းပစ်ရမှာလား၊ ကိလေသာကို မဝင်အောင်ကာကွယ်ရမှာလား၊ (ကိလေသာကို မဝင်အောင်ကာကွယ်ရမှာပါဘုရား)။ အေး - ဝိပဿနာအတွက် ပြောတာပါ။ အာရုံကောင်းကို ပြောင်းရင်သမထတော့လဲ ဖြစ်နိုင်ပါသေးတယ်၊ မိမိစိတ်မှာကိလေသာမဝင်အောင် ကြိုးစားနိုင်ရင် ဝိပဿနာဖြစ်နိုင်တာပေါ့။

မိမိစိတ်ကို အာရုံကလည်း နှိပ်စက်တယ်လို့ ထင်ကြတယ်၊ ကိလေသာကလည်း နှိပ်စက်တယ်လို့ ထင်ကြတယ်။ တကယ်နှိပ်စက်တာကကိလေသာက နှိပ်စက်တာပါ။ အဲဒီနှိပ်စက်လို့မြင်မြင်သမျှတွေကို ဟိုဟာ မကောင်းဘူး၊ ဒီဟာမကောင်းဘူးလို့ ထင်ကြတယ်။ ကိလေသာဝင်တော့ စိတ်က မပြေလည်၊ စိတ်မပြေလည်လို့

www.burmeseclassic.com

www.burmeseclassic.com


အားလုံးမပြေလည်၊ ကိုယ်ထင်ချင်သလို ထင်နေကြတယ်။

တကယ်လို့ မိမိစိတ်ကလေးကသာ ပြေပြေလည်လည်နေတတ်ရင် အားလုံးကြုံသမျှ ဆုံသမျှတွေ ပြေလည်ပါတယ်။ ဒီလူတွေမှာ အသီးသီး မိသားစုတွေ မရှိဘူးလား၊ ရှိလား (ရှိပါတယ်ဘုရား)။ ကိုယ့်အိမ်မှာ မပြေလည်ဘူးလား၊ ပြေလည်လား၊ (ပြေလည်ပါတယ်ဘုရား)၊ ဟုတ်ရဲ့လား။

တရားရတယ်ဆိုတာက တခြားပြောစရာနည်းတော့ မရှိပါဘူး။ ကိုယ့်အိမ်မှာ ကိုယ်နေတိုင်း ကိုယ့်အိမ်က ပြေလည်ရင် တရားရှိတာပဲ။ မပြေလည်ရင် တရားမရှိဘူးတဲ့။ ရိပ်သာမှာ တရားအားထုတ်လို့ (၁၀) ရက်မကလို့ ရက်ပေါင်း (၁၀၀) ပဲ အားထုတ်ထုတ်၊ ဒါမှမဟုတ် သုံးလေးနှစ် လောက်ကြာအောင်ပဲ အားထုတ်ထုတ်၊ အိမ်ပြန်ရောက်လို့ ကိုယ့်အိမ်သားတွေနဲ့ မပြေလည်ရင် တရားမရှိတာဘဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့နေတဲ့နေရာနဲ့မှ မပြေလည်ဘူးဆိုရင် တစ်လောကလုံးနဲ့ မပြေလည်ပါဘူး။ တစ်နည်းပြောမယ်ဆိုရင် တွေ့သမျှအာရုံပေါ်မှာ မပြေမလည် မရှိအောင် နေပါတဲ့။ ဟိုအာရုံက ကောင်းတယ်၊ ဟိုအာရုံက မကောင်းဘူးလို့ အဖြစ်မခံဘဲ နေနိုင်ရင် ပြေပြေလည်လည် နေနိုင်တတ်တဲ့၊ ပြေပြေလည်လည် နေနိုင်ရင် သတိအသိဉာဏ်တွေဟာ မိမိတို့ရဲ့သဏ္ဍာန်မှာ ရှိလာနိုင်ပါတယ်၊ အဲဒီလို မိမိတို့ရဲ့သဏ္ဍာန်မှာ သတိဉာဏ်ဖြစ်အောင် မွေးရပါတယ်။

BURMESE CLASSIC

ထိုင်ထိုင် ရပ်ရပ် သွားသွား လျောင်းလျောင်း အဲဒီလို သတိဉာဏ်တွေ ဖြစ်ဖို့ မွေးလို့ရှိရင် တကယ့်ကို ပြေလည်တဲ့ခါတ်တွေ ပြေလည်အောင် ကြည့်တတ် မြင်တတ်တဲ့ သတိ ဝီရိယ သမာဓိ ပညာဉာဏ်တွေ စိတ်မှာ ကိန်းအောင်ပြီးတော့ ဘယ်လိုပဲ မြင်မြင်၊ ဘယ်လိုတွေပဲ ကြားကြား၊ ဘယ်လိုတွေပဲ နံနံ၊ ဘယ်လိုတွေပဲ နားထောင်နားထောင်၊ ဘယ်လိုတွေပဲ စားစား၊

www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုတွေပဲ ထိထိ၊ ဘယ်လိုတွေပဲ ကြုံကြုံ ပြေပြေလည်လည် ရှိပါတယ်တဲ့။

ဒါကြောင့်မို့ ဟောဒီသာသနာနဲ့ကြုံလို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားကို တစ်ဆင့် ဟောကြားလို့၊ တရားကို တစ်ဆင့်နာကြားလိုက်ရတဲ့အခါမှာ အသိတိုးသွားပါလိမ့်မယ်၊ ဘာစိတ်ကလေး မွေးရမယ်လို့ အသိတိုးသွားသလဲ ဆိုရင် ပြေပြေလည်လည် စိတ်ကလေး မွေးရပါမယ်တဲ့။ သူများနဲ့လဲ ပြေလည်၊ ကိုယ်တစ်ယောက်တည်းလဲ ပြေလည်အောင် နေတတ် ထိုင်တတ်တဲ့ ပြေပြေလည်လည် စိတ်ကလေး မွေးရပါတယ်၊ အဲဒီစိတ်ကလေးရှိအောင် မွေးလိုက်စမ်းပါ။ အဲဒီလို ပြေပြေလည်လည် ရှိစေချင်လို့ ဒီနေ့ တရားနာ ပရိသတ်တွေကို ဟောရတာပါ။

အရိယာတွေရဲ့စိတ်က အမြဲတမ်း ပြေလည်နေပါတယ်။ ပုထုဇဉ်တွေရဲ့စိတ်က မပြေလည် တစ်လှည့်၊ ပြေလည်တစ်လှည့် ဖြစ်နေတတ်ပါတယ်။ တရားအားထုတ်တယ် ဆိုတာ မပြေ

www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့စိတ်တွေ နည်းပါးနည်းပါးသွားပြီးတော့ ပြေလည်တဲ့ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ အသိတွေပါတဲ့ စိတ်တွေဖြစ်အောင် လုပ်ရ ကြိုးစားရတာပါတဲ့။

ဘာနဲ့ပဲ ကြုံကြုံ ပြေပြေလည်လည် နေတတ်သဖြင့် အဲဒီပြေပြေလည်လည်နေတတ်တဲ့ စိတ်နဲ့ပဲ မိမိတို့ရဲ့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာတွေ ဖြစ်ပြီးတော့ မိမိတို့ရဲ့ လိုလားတောင့်တတဲ့ နိဗ္ဗာန်တိုင်အောင် သံသရာလွန်မြောက်ပြီး လှမ်းရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ အရှင်ဘုရား)။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

သတိလည်းရှိ၊ ဉာဏ်လည်းရှိ

အသိပြည့်စုံကြပါစေ။

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com